# ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 9 December 2025 ၁၂၀၂၆


### ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဩမြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေး

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်မဲပေးနိုင်ရန် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး(၅၀)တို့တွင် သတ်မှတ်ရက်များအလိုက် မဲရုံများဖွင့်လှစ်၍ ကြိုတင်ဆန္ဒမဲပေးခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ဂျပန်နိုင်ငံ တိုကျိုမြို့ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရန် မဲလက်မှတ် ထုတ်ယူနေကြစဉ်။

## ယနေ့ ဖတ်စရာ


**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၂၀၀ ခန့်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု**

စာမျက်နှာ » ၃

-----------------

**၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အတွက် ကုလသမဂ္ဂလူငယ်ရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ**

စာမျက်နှာ » ၇

-----------------

**ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရေး**

ဆောင်းပါး စာမျက်နှာ » ၁၀


## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၈

| | | |
|---|---|---|
| ဟားခါး | ၁ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၅ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၅ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၇ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၈ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |

# ကျွန်းလှမြို့နယ်၌ မိုးစပါးဧက ၂၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

ကျွန်းလှ ဒီဇင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ မိုးစပါးဧက ၂၃၀၀၀ ကျော်ရိတ်သိမ်းပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**တစ်ဧက ၇၄ ဒသမ ၃၂ တင်း ထွက်ရှိ**

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးစပါး ၃၄၀၈၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၃၄၀၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုအခါ ၂၃၁၁၃ ဧက ရိတ်သိမ်းပြီး တစ်ဧက ၇၄ ဒသမ ၃၂ တင်း ထွက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။



အဆိုပါ မိုးစပါးစိုက်ပျိုးကြသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း မျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ကြေးမုံ

# အဂတိလိုက်စားမှုကိုရှောင်ကြဉ် ဖြောင့်မတ်တည်ကြည်အနာဂတ်ဖော်ဆောင်

အဂတိလိုက်စားမှုသည် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး စနစ်များကိုထိခိုက်စေပြီး အများပြည်သူတို့၏ လူမှုစီးပွားဘဝများကို ပျက်ပြားစေသဖြင့် မြန်မာနိုင်ငံအစိုးရက ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ကောင်းမွန်သောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေး၊ ကောင်းမွန်သော လူမှုအသိုက်အဝန်းဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှုကို အောက်စဖို့ဒ်အဘိဓာန်တွင် လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ မရိုးဖြောင့်သော သို့မဟုတ် လိမ်လည်လှည့်ဖြားသော ပြုမူဆောင်ရွက်မှု သို့မဟုတ် ဩဇာအာဏာရှိသူတို့၏ မရိုးဖြောင့်သော သို့မဟုတ် တရားမဝင်သော အပြုအမူဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အဂတိလိုက်စားမှုကို လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်းဟုသာ ယေဘုယျ ဆန်ဆန် နားလည်လက်ခံထားသော်လည်း အမှန်တကယ်တွင် ထို့ထက်ပိုမိုကျယ်ပြန့်သော အနက်အဓိပ္ပာယ်များကိုဆောင်ပေသည်။ အဂတိလိုက်စားမှုသည် လူမှုကျင့်ဝတ်ကို ဖောက်ဖျက်သော အကျင့်စာရိတ္တပျက်ပြားသည့် မကောင်းမှုပင်ဖြစ်သည်။

လူမှုကျင့်ဝတ် ဗုဒ္ဓတရားတော်အရဆိုလျှင်မူ ကမ္မကိလေသတရားလေးပါး၊ အဂတိတရားလေးပါး၊ ဥစ္စာပျက်စီးကြောင်း ခြောက်ပါး၊ အရပ်မျက်နှာခြောက်ပါးတို့ကို ညွှန်ပြသည့် သိင်္ဂါလောဝါဒသုတ်တွင် ဆန္ဒာဂတိ – ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက် လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုလုပ်ခြင်း၊ ဒေါသာဂတိ – စိတ်ဆိုးသဖြင့် မလိုက်သင့်သည့်ဘက် လိုက်ခြင်း၊ မပြုလုပ်သင့်သည်ကို ပြုလုပ်ခြင်း၊ မောဟာဂတိ–ဆင်ခြင်တုံတရားမရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့်ဘက် လိုက်ခြင်း၊ မပြုလုပ်သင့်သည်ကို ပြုလုပ်ခြင်း၊ ဘယာဂတိ – ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုလုပ်သင့်သည်ကို ပြုလုပ်ခြင်းဟူသည့် အဂတိတရားလေးပါးသည် လူမှုအသိုင်းအဝိုင်းတွင် နက်ရှိုင်းစွာ ဖြစ်ပေါ်လေ့ရှိသည်။

ဖော်ပြပါအဂတိတရားလေးပါးကြောင့် မျက်မှောက်ကာလ လူမှုအသိုက်အဝန်းများတွင် အကျည်းတန် အရုပ်ဆိုးသော စိတ်ပျက်ဖွယ်ရာ၊ အဖြစ်အမျိုးမျိုးနှင့် ကြုံတွေ့နေသည်ကို တွေ့ရသည်။ အဂတိလေးပါးကို ကင်းရှင်းစွာနေထိုင်ပြုမူဆောင်ရွက်နိုင်ရန်အတွက် ဗုဒ္ဓဟောကြား မင်္ဂလာတရားများနှင့်အညီ ကျင့်ကြံနေထိုင် လုပ်ကိုင်ကြရမည်ဖြစ်သည်။ မိမိစိတ်ကိုဖြူအောင်ထား၍ ချစ်ခြင်း၊ မုန်းခြင်းကင်းအောင်၊ နည်းပါးအောင် နေထိုင်လုပ်ကိုင်ကြရမည်ဖြစ်သည်။ မကောင်းမှုဟူသည့် ထိုအမြစ်ကို မတွယ်မိစေရန် ဖြူစင်သော ကလေးသူငယ် လူငယ်လူရွယ်များဘဝမှ စတင်ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို မျက်မှောက်ကာလတွင် အလေးထား ဆောင်ရွက်လျက်ရှိသည်။ အဂတိလိုက်စားမှုသည် အချိန်ကာလကြာမြင့်စွာကတည်းက မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာတွင်ပါ အမြစ်မပြတ်နိုင်သော ရောဂါဆိုးကြီးကဲ့သို့ဖြစ်နေသည်။ အထူးသဖြင့် လုပ်ပိုင်ခွင့်နှင့်အခွင့်အာဏာရှိသောအဖွဲ့အစည်းများတွင် ဖြစ်ပေါ်လေ့ရှိသဖြင့် နိုင်ငံတော်က စဉ်ဆက်မပြတ် အလေးထား တိုက်ဖျက်လျက်ရှိသည်။ အဂတိလိုက်စားမှုများရှိနေသေးသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ထိခိုက် အဟန့်အတားဖြစ်စေလျက်ရှိသည်။ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ထမ်းဆောင်လျက်ရှိသူများအနေဖြင့် အဂတိလိုက်စားမှုများကို သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ မပြုလုပ်မိစေရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် သိရှိနားလည်ထားရန်လိုအပ်သည်။ နိုင်ငံ့ဝန်ထမ်းများသာမက ပြည်သူများပါ သိရှိနားလည်ထားရန် လိုအပ်သည်။

မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကိုပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကိုလက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုလုပ်မိရန်လိုသည်။ မည်သူမဆို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်းဖြစ်သည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှုသည် နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုဘဝအကျိုးစီးပွားများကို ထိခိုက်ပျက်စီးစေသဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ အဂတိလိုက်စားမှုများကို ရှောင်ကြဉ်ကာ ဖြောင့်မတ်တည်ကြည်သောအနာဂတ်ကို ဖော်ဆောင်နိုင်ရန်အတွက် အားလုံးပူးပေါင်းလက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၈-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃၀–၁၁–၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇–၁၂–၂၀၂၅) ရက်နေ့၊ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်–၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန
(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## ၈ - ၁၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ – ၁၂ – ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၄၀၀ | ၄၃၂ | ၃,၆၅၁,၆၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၀၀ | ၃,၀၀၀ | ၁၀,၆၇၇,၅၀၀ |
| MCB | ၇,၉၀၀ | ၈,၀၀၀ | ၂၀၁ | ၁,၅၈၈,၃၀၀ |
| FPB | ၂,၃၀၀ | ၂,၃၅၀ | ၃,၅၃၂ | ၈,၁၃၉,၆၀၀ |
| TMH | ၃,၁၀၀ | ၃,၁၀၀ | ၅၀ | ၁၅၅,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၁,၅၃၈ | ၂,၄၆၂,၇၀၀ |
| AMATA | ၃,၆၅၀ | ၃,၆၅၀ | ၉ | ၃၂,၈၅၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၂,၀၉၆ | ၆,၄၉၇,၆၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၁,၀၁၀ | ၂,၇၂၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကာတာနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၈**

ကာတာနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံရုံးတာဝန်ခံ Mr.Ahmad Ali R.A. AL-Marri နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ကာတာနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြပြီး ကာတာနိုင်ငံ သံရုံးတာဝန်ခံက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကာတာနိုင်ငံ သံရုံးတာဝန်ခံတို့သည် အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများအား ကာတာနိုင်ငံ သံရုံးတာဝန်ခံက ကာတာနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၂၀၀ ခန့်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု

**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၅) အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခုမှ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ငါးခုနှင့် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍတို့မှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ကိုးခုကို ခွင့်ပြုပေးခဲ့သည်။



အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၂၉၅ သန်းနှင့် ကျပ် ၄၅၅၀၂ ဒသမ ၉၇၈ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၁၁၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ အစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်သုံးနှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ခြင်း လုပ်ငန်းများနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သောနိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



**ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနေကြစဉ်။**

**☆ ရှေ့ဖုံးမှ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၈ ရက် အထိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး (၄၁)ရုံးတို့တွင် ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်များဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်မဲများ ဆက်လက်ပေးနိုင်ရေးအတွက် ကျန်ရှိသောရုံးများအနေဖြင့် သတ်မှတ်နေ့ရက်များအထိ မဲရုံများဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**○ ကျွန်းလှမြို့နယ်မှ**

စိုက်နည်းစနစ်မှန်ကန်ရေးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့သည်။ ကျွန်းလှမြို့နယ်တွင် စပါးအပြင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ၊ အခြားသီးနှံနှင့် နှစ်ရှည်ပင်သီးနှံများ ရာသီအလိုက် စိုက်ပျိုးကြကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ကျိုက်ထိုမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV) ထိုးနှံရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ကျိုက်ထို ဒီဇင်ဘာ ၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ အသက်(၉)နှစ်ပြည့်ပြီး (၁၂) နှစ်မကျော်သော မိန်းကလေးများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) ထိုးနှံရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ကျိုက်ထိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး (ကိုယ်စား) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းတာဝန်ခံကျန်းမာရေးမှူး အဆင့်(၃) ဒေါ်ပိုးအိအိစိုးက သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း၏ ရည်မှန်းချက်၊ ကာကွယ်ဆေးထိုးနှံမည့် အသက်အရွယ် သတ်မှတ်ချက်၊ ဆေးထိုးနှံမည့်အစီအစဉ်များကို ပြောကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ခွန်မောင်အိုးက မြို့နယ်အတွင်း၌ အသက်(၉)နှစ်ပြည့်ပြီး (၁၂)နှစ်မကျော်သော မိန်းကလေးငယ်များ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိမှုမရှိစေရေးနှင့် ဒီဇင်ဘာ ၅ ရက်နေ့မှ ၂၀ ရက်အထိ ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်းကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီး ဌာနနှင့် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မိုင်းဆတ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေး လုပ်ငန်း ပညာသင်တန်းကျောင်း၌ ဝန်ထမ်းများ၊ နည်းပြများနှင့် သင်တန်းသူများအား တွေ့ဆုံ၍ ချီးမြှင့်ငွေများ ပေးအပ်ကာ လက်တွေ့လေ့ကျင့် သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ ဂါလန် နှစ်သိန်းဆံ့ ရေသိုလှောင်ကန်နှင့် သင်တန်းကျောင်းမှ ဖွင့်လှစ် ထားသည့် အပ်ချုပ်ဆိုင်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ကျေးရွာ ဝမ်ဟုန်- ဖာဖဲကျေးရွာချင်းဆက် လမ်းပေါ်၌ (၁၅၀x၁၃) ပေရှိ ကြိုးတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များမှာကြားကာ မိုင်းတုံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်း များနှင့်တွေ့ဆုံ၍ လိုအပ်သည် များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် လင်းခေးမြို့နယ် နောင်လုံကျေးရွာအုပ်စု နောင်လုံ ကျေးရွာအဝင်လမ်း နှစ်မိုင် နှစ်ဖာလုံအနက် တစ်မိုင် ကျောက်ခင်း ခြင်းလုပ်ငန်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုနှင့် လမ်းဖောက်လုပ်ပြီးစီးမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ဒေသခံ ပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း သွားကြရန် မှာကြားကာဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေး သည်။

ယင်းနောက် မိုးနဲ- ကင်တုံ- လုံစံ ကျေးရွာချင်းဆက်လမ်းတွင် (၃၀ x ၁၄) ပေ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်နေမှု၊ ချဉ်းကပ်လမ်းနှင့် ကျောက်စီမြေ ထိန်းနံရံ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး **(ဝဲပုံ)** လိုအပ်သည် များ မှာကြားခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တောင်ကြီးမြို့ ရုံးကြီးလမ်း AC ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**တောင်ကြီး ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ် စီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူ များနှင့်အတူ ယနေ့ညနေပိုင်းတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးရေးနှင့် တောင်ကြီးမြို့ တွင်းလမ်းကောင်းမွန်ရေး၊ ယာဉ် များ သွားလာလွယ်ကူချောမွေ့စေ ရေးအတွက် တောင်ကြီးမြို့ ရုံးကြီးလမ်း AC ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**မှာကြား**

ထို့နောက် တောင်ကြီး တက္ကသိုလ် မိုးရေစုကန်အမှတ်(၁) အတွင်း လုပ်ငန်းဆောင်ရွက်ရန် လျာထားစီမံကိန်း၊ ရေဆင်း မြောင်းလုပ်ငန်းများနှင့် ကန်ပတ် လမ်းဘေးပတ်လည်တွင် အနား ယူအပန်းဖြေနိုင်မည့် အုတ်ခုံများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က စံချိန် စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီရေးနှင့် သတ်မှတ်ကာလ အတွင်းအချိန်မီပြီးစီးရေး ဆွေးနွေး မှာကြားသည်။

ယင်းနောက် တောင်ကြီးမြို့ မြေအောက်ရေထိန်းသိမ်းနိုင်ရန်၊ အများပြည်သူများ အပန်းဖြေ အနားယူရန်နှင့် ကျန်းမာရေး အတွက် လမ်းလျှောက်နိုင်ရန် တောင်ကြီးမြို့ ကျောင်းကြီးစု ရပ်ကွက်ရှိ ဂနိုင်ကန်သာယာ (၃) ကန်ပတ်လမ်း ကွန်ကရစ် ခင်းခြင်း ဆောင်ရွက်ပြီးစီးမှုနှင့် ကန်ပတ်လည် ဆိုလာမီးတိုင်များ ဆောင်ရွက် ပြီးစီးမှုကိုလည်း ကောင်း၊ တောင်ကြီးမြို့ ရှမ်း ပြည်နယ်လွှတ်တော်ရုံး မီးပွိုင့် မှစ၍ တောင်ကျောင်းကြီးသွား လမ်းနှင့် ဂနိုင်ကန်သို့သွားသည့် လမ်းတောင်ဘက်ခြမ်း လမ်းဘေး ပလက်ဖောင်းနှင့် ရေနုတ်မြောင်း များဆောင်ရွက်ပြီးစီးမှု၊ လမ်း မြောက်ဘက်ခြမ်း ရေနုတ်မြောင်း နှင့် ပလက်ဖောင်းဆောင်ရွက် နေမှုကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း များကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ဝေါမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းများချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး

**ဝေါ ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ် ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးကြော်ငြာချက် နှင့်ပတ်သက်၍ အများပြည်သူများသိရှိနိုင်ရေး ဗီနိုင်းချိတ်ဆွဲခြင်းကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝေါမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်အိအိခိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် စီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများပူးပေါင်းကာ မြို့နယ်အတွင်းရှိ ပြေစာကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင် တွင် အခွန်ပေးဆောင်ပါ"ဟူသော ကြော်ငြာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ချိတ်ဆွဲခြင်းရှိ၊ မရှိ စစ်ဆေးခြင်းနှင့် အခွန်ဆိုင်ရာအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပင်းတယမြို့နယ်၌ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့် နှင့်တာဝန်ရှိသူများသည် ပင်းတယမြို့နယ်အတွင်း သမဝါယမလုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် တမဲကျေးရွာအုပ်စု အင်းပက်လက်ကျေးရွာရှိ စီမံကိန်းသီးနှံ(သက်တန့်ရောင်စီမံကိန်း) စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသားများ ဆောင်းနေကြာ စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး နှင့်တာဝန်ရှိသူများသည် ပင်းတယမြို့နယ်ရှိ မြို့နယ်သမဝါယမဦးစီး ဌာနဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များနှင့် တွေ့ဆုံ၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး၊ သမဝါယမ ကဏ္ဍက ဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊



ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းသီးနှံ (သက်တန့်ရောင်စီမံကိန်း) သီးနှံများကို လျာထားချက် အတိုင်း စိုက်ပျိုးဆောင်ရွက်ကြရန်၊ စီမံကိန်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှုလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ ကြောင်း သိရသည်။

**ဝိုးတောင်း**

ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦး၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၇ ရက်တွင် မြောင်းမြမြို့ မြို့မဈေး၌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်စဉ်။ ဇေယျာ(မြောင်းမြ)



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

၁၉ ရက်

**သာ လိုတော့သည်။**

## နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ရွေးကောက်ပွဲနှီးဆော် အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစကာ စိုက်ထူ




**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် ရွေးကောက်ပွဲနှီးဆော် အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစကာစိုက်ထူခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော် ခုတင်(၃၀၀) ပြည်သူ့ဆေးရုံအနီး၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးနှင့် နေပြည်တော်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်စိုးဝင်းတို့က "ဒို့အတူတူ မဲပေးကြမယ်" မြေစိုက်ပိုစကာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများအား ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့အတွက် ဂုဏ်ပြုဆုငွေများပေးအပ်သည်။

**မှာကြား**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုဗ္ဗသီရိမြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စေရန် မဲစာရင်းတွင် ပါသင့်သူများမကျန်ရှိစေရေးနှင့် မပါဝင်သင့်သူများ ပါဝင်နေမှုမရှိစေရေး၊ အသက် (၁၈) နှစ်နှင့်အထက် စာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရန်အတွက် ရပ်ကွက်၊ ကျေးရွာများသို့ တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**



## သုံးခွမြို့၌ ဒို့အတူတူ မဲပေးကြမယ် ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ဗီနိုင်းပိုစတာများ စိုက်ထူ

**သုံးခွ ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ "ဒို့အတူတူ မဲပေးကြမယ် ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ "စာသားပါ လက်ကမ်းစာစောင်များနှင့် ဗီနိုင်းပိုစတာများကို လူစည်ကားရာနေရာများ၌ ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက ဖြန့်ဝေခြင်းနှင့် စိုက်ထူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သုံးခွမြို့ဝင်/ထွက်ဂိတ်၊ မြို့မဈေး၊ အထကကျောင်းများတွင်ဖြန့်ဝေခဲ့ကြပြီး ဗီနိုင်းပိုစတာများကို အမှတ်(၁)ရပ်ကွက် မင်းရဲကျော်စွာလမ်း(အစိုးရကန်ပေါင်ရှေ့)တွင်လည်းကောင်း၊ အမှတ်(၂)ရပ်ကွက် မြန်နန္ဒာလမ်းနှင့် တပင်ရွှေထီးလမ်းထောင့်နေရာတွင်လည်းကောင်း၊ အမှတ်(၄)ရပ်ကွက် အောင်ဇေယျာလမ်းမကြီးပေါ်တွင်လည်းကောင်း၊ အမှတ်(၇)ရပ်ကွက် အိဿယျ ကျေးရွာအုပ်စုအထွက်လမ်းထိပ်နေရာတွင်လည်းကောင်း၊ အမှတ်(၃)ရပ်ကွက်နှင့် အနော်ရထာလမ်း (ရေစက်ကန်ထိပ်)တို့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

## လားရှိုးမြို့တွင် ရွေးကောက်ပွဲအောင်မြင်ရေး "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေးဆောင်ရွက်



**လားရှိုး ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲပေးခြင်းသည် နိုင်ငံသားများက အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေးရည်ရွယ်၍ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)နှင့် ဌာနဆိုင်များပူးပေါင်း၍ "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေးလှုံ့ဆော်မှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ငွေအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အဆိုပါ Billboard အား အမွှေးနံ့သာရေများ ပက်ဖျန်းပေးခဲ့သည်။

ထို့နောက် မြို့တော်ခန်းမအနီး လမ်းသွားလမ်းလာ ပြည်သူများအား ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့၊ ဒီမိုကရေစီကိုပြန်လည်ဖော်ဆောင်ဖို့အတွက် ရွေးကောက်ပွဲမှ လွဲ၍ အခြားနည်းမရှိပါ၊ ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်ပါသည်၊ ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီး မဲပေးကြပါစို့၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဦးဆောင်နိုင်သူ ရွေးချယ်ကြပါစို့ စသည့် အကြောင်းအရာများ ပါဝင်သည့် "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေးလက်ကမ်းစာစောင်များကို အများပြည်သူပိုမိုမဲပေးနိုင်ရေး ဖြန့်ဝေပေးခဲ့သည်။

လားရှိုးမြို့တွင် မဲစာရင်းများ မှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင် အဖွဲ့ခွဲဝင်များက ဒီဇင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ မိမိတို့နှင့်သက်ဆိုင်သည့် ရပ်ကွက်၊ ကျေးရွာများအလိုက် စာရင်းကောက်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်များInstallation ဆောင်ရွက်



**လယ်ဝေး ဒီဇင်ဘာ ၈**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အားကစားလေ့ကျင့်ရေးစခန်း အမှတ်(၂)တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်အသုံးပြုမည့် မဲပေးစက်များInstallation ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီအတွင်းရေးမှူးဦးတိုးဝင်းက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုရန် နည်းပညာအထောက်အကူပြုအဖွဲ့ဝင် ၆၀ က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်(၈)မြို့နယ်အတွက် မဲပေးစက်များအား Installation လုပ်ငန်းများဖြစ်သည့် အီလက်ထရောနစ်မဲပေးစက်များအားစစ်ဆေးခြင်း၊ မဲပေးစက်၏ Billot Unit တွင်ပါတီ၊ တစ်သီးပုဂ္ဂလ Logo များ တပ်ဆင်ခြင်း၊ စက်များစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး သည်။ ထို့နောက် မဲပေးစက်များထားရှိသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြပါစို့

ဘုန်းသန့်စင်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့သည် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ဖြစ်ပါသည်။ အဂတိလိုက်စားမှုများကို ကမ္ဘာ့နိုင်ငံများ စုပေါင်းစွမ်းအားဖြင့်တိုက်ဖျက်နိုင်ရေးအတွက်ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၅၈/၄ အရ ၂၀၀၃ ခုနှစ်တွင် ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ကမ္ဘာ့နိုင်ငံများက တညီတညွတ်တည်း သဘောတူပြဋ္ဌာန်းခဲ့ပါသည်။

ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်၍ နှစ်စဉ်အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာတစ်ဝန်း အောင်အောင်မြင်မြင် ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် ၂၂ ကြိမ်အထိပင် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည်လည်း ကွန်ဗင်းရှင်းသို့ ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။ ယခုနှစ်တွင်လည်း အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို **"ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကို ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုဆိုသည်မှာ ဘက်လိုက်ခြင်း၊ ဥပဒေနှင့်ဆန့်ကျင်သော ပြစ်မှုများကို ကျူးလွန်ခြင်းဖြစ်ပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကိုပါ ထိခိုက်စေနိုင်သည့် ရာဇဝတ်မှုတစ်ခုပင်ဖြစ်သည်။ ဆင်းရဲချမ်းသာကွာဟမှုနှင့်အတူ ကမ္ဘာ့နိုင်ငံများအတွက် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများက မတူညီနိုင်ကြသော်လည်း အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများကိုမူ နိုင်ငံတိုင်းက ရင်ဆိုင်ကြုံတွေ့နေရသည်။

အဂတိလိုက်စားမှုများကြောင့် **"ဒီမိုကရေစီစနစ်နှင့် တရားဥပဒေစိုးမိုးရေးကို ယိုယွင်းပျက်စီးစေခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြစ်ပေါ်စေခြင်း၊ ဈေးကွက်များကို ပျက်စီးစေခြင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများကို လျော့ကျစေခြင်း"** စသည့် ဆိုးကျိုးများကို နိုင်ငံကြီးငယ်မရွေး ခံစားနေကြရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဆိုးကျိုးသက်ရောက်မှုများ ပိုမိုဖြစ်ပေါ်စေနိုင်သည်ဟုဆိုသော်လည်း အဂတိလိုက်စားမှုသည် နိုင်ငံကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ဆင်းရဲသည်ဖြစ်စေ မည်သည့်အခြေအနေတွင်ရှိသည်ဖြစ်စေ ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်စေမည်သာဖြစ်သည်။

**ဆိုးကျိုးသက်ရောက်မှုများ**

ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များအရ **"အများပိုင်နှင့် ပုဂ္ဂလိကကဏ္ဍများတွင် လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများတွင် အလွဲသုံးစားပြုခြင်း၊ ဩဇာအာဏာကိုသုံးစွဲ၍ မလျော်ဆောင်ရွက်ခြင်း၊ လုပ်ငန်းတာဝန်ကို အလွဲသုံးစားပြုခြင်း၊ တရားမဝင် ကြွယ်ဝချမ်းသာခြင်း၊ ငွေကြေးခဝါချခြင်း၊ အဆိုပါပြစ်မှုများနှင့် ဆက်နွှယ်သည့် ငွေကြေးနှင့် ပစ္စည်းများကို ဖုံးကွယ်ခြင်း၊ တရားစီရင်ခြင်းကို နှောင့်ယှက်ဟန့်တားခြင်း"** စသည့်ပြစ်မှုများသည် အဂတိလိုက်စားမှုများပင်ဖြစ်သည်ဟု ဖော်ပြထားသည်။

အဂတိလိုက်စားမှုများကြောင့် **"နိုင်ငံတော်၏** ပုံရိပ်နှင့် စွမ်းဆောင်မှုကျဆင်းခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ လုပ်ငန်းကဏ္ဍများ ကျဆင်းစေခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များအား ယိုယွင်းပျက်စီးမှုဖြစ်ပေါ်လာစေခြင်း၊ စီးပွားရေးဆုံးရှုံးမှုနှင့် အရည်အသွေးကျဆင်းစေခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှကွာဟမှုများ ဖြစ်ပေါ်စေခြင်း၊ ပုဂ္ဂိုလ်ရေးဆုံးရှုံးမှု၊ ခြိမ်းခြောက်မှုနှင့် အဆင်မပြေမှုများ ဖြစ်ပေါ်စေခြင်း၊ အခြေခံအဆောက်အအုံများ ဆုံးရှုံးခြင်း၊ မမှန်ကန်သော စီးပွားရေးနှင့် နိုင်ငံရေးစနစ်များဖြစ်ပေါ်စေခြင်း၊ ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် တရားမျှတမှုမရှိခြင်း၊ အုပ်စုဖွဲ့ပြစ်မှုကျူးလွန်ခြင်းနှင့် အကြမ်းဖက်မှုများဖြစ်ပေါ်စေခြင်း၊ လူ့အဖွဲ့အစည်းတွင် သဘောတရားကွဲလွဲမှု တိုးပွားလာခြင်းနှင့် မတည်ငြိမ်မှုများ ဖြစ်ပေါ်စေခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ဂေဟစနစ်များ ပျက်စီးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်စေခြင်း၊ လက်နက်ကိုင်ပဋိပက္ခနှင့် ရက်စက်ကြမ်းကြုတ်သော ပြစ်မှုများ ဖြစ်ပေါ်စေခြင်း၊ အများပြည်သူယုံကြည်မှုလျော့ကျခြင်းနှင့် ပူးပေါင်းပါဝင်မှုလျော့နည်းခြင်း" စသည့် ဆိုးကျိုးသက်ရောက်မှုများစွာကို ခံစားရနိုင်သည်။

> **အဂတိလိုက်စားမှုများကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံခန့် ဆုံးရှုံးနေပြီး အဆိုပါပမာဏသည် ကမ္ဘာ့ဂျီဒီပီ၏ ငါးရာခိုင်နှုန်းကျော်ခန့်ရှိသည်ဟု သိရသည်။ အဂတိလိုက်စားမှုဖြစ်စဉ်များတွင် ပမာဏများပြားသော ငွေကြေးများပါဝင်နေတတ်သဖြင့် ငွေကြေးခဝါချမှုကဲ့သို့သော အခြားသောပြစ်မှုများနှင့် ဆက်နွှယ်ဖြစ်ပွားလေ့ရှိသည်။ အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ စွဲဆိုသောပြစ်မှုများတွင် များပြားသောအရေအတွက်ရှိသည့် ပိုင်ဆိုင်မှုများပါဝင်နေတတ်ပြီး ယင်းပစ္စည်းများတွင် နိုင်ငံတော်၏ အရင်းအမြစ်များ ပါဝင်နေသဖြင့် အဂတိလိုက်စားမှုသည် နိုင်ငံတိုင်း၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုခြိမ်းခြောက်**

အဂတိလိုက်စားမှုများကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံခန့် ဆုံးရှုံးနေပြီး အဆိုပါပမာဏသည် ကမ္ဘာ့ဂျီဒီပီ၏ ငါးရာခိုင်နှုန်းကျော်ခန့်ရှိသည်ဟု သိရသည်။ အဂတိလိုက်စားမှုဖြစ်စဉ်များတွင် ပမာဏများပြားသော ငွေကြေးများပါဝင်နေတတ်သဖြင့် ငွေကြေးခဝါချမှုကဲ့သို့သော အခြားသောပြစ်မှုများနှင့် ဆက်နွှယ်ဖြစ်ပွားလေ့ရှိသည်။ အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ စွဲဆိုသောပြစ်မှုများတွင် များပြားသောအရေအတွက်ရှိသည့် ပိုင်ဆိုင်မှုများပါဝင်နေတတ်ပြီး ယင်းပစ္စည်းများတွင် နိုင်ငံတော်၏ အရင်းအမြစ်များ ပါဝင်နေသဖြင့် အဂတိလိုက်စားမှုသည် နိုင်ငံတိုင်း၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နေပြန်သည်။ ပုံစံမျိုးစုံဖြင့် မမြင်ကွယ်ရာတွင် ပုံးကွယ်ဖြစ်ပွားလေ့ရှိသော အဂတိလိုက်စားမှုများကို ဥပဒေနှင့်အညီ စစ်ဆေးဖော်ထုတ်ခြင်းသည် နိုင်ငံတော်၏ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းသာဖြစ်သည်။

**လူငယ်များနှင့် လက်တွဲရန်လို**

လူ့အဖွဲ့အစည်းအတွင်း အတွင်းလိုက်စား၍ ကပ်ရောဂါအသွင်ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို တွန်းလှန်တိုက်ဖျက်ရာတွင် နိုင်ငံအတွင်းရှိ နည်းပညာများ၊ အရင်းအမြစ်များနှင့် လုံလောက်မှု မရှိနိုင်ပေ။ ဖြစ်ပွားသည့်ပမာဏနှင့် ဖြစ်ပေါ်နေသည့် ပုံစံတို့က အချိန်နှင့်အမျှ ပြောင်းလဲနေပြီး နိုင်ငံအတွင်း လျှို့ဝှက်သိုသိပ်စွာ ဖြစ်ပွားသည့် ပြစ်မှုအသွင်မှသည် နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် ဂိုဏ်းဖွဲ့ကျူးလွန်တတ်သော ပြစ်မှုများအသွင် ဖြစ်လာနေပြီဖြစ်သည်။ နိုင်ငံများ၏ စုပေါင်းစွမ်းအားဖြင့် နည်းပညာမှအစပြု၍ အပြန်အလှန်ဖလှယ်ကာ ပူးပေါင်းဆောင်ရွက်မှသာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်လာနိုင်မည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုများ၏သဘောသဘာဝသည် နောက်ကွယ်တွင် ဆက်နွှယ်နေသော ငွေကြေးနှင့် ပစ္စည်းပမာဏတို့မှာ မမျှော်မှန်းနိုင်လောက်အောင် များပြားနေတတ်သဖြင့် ဖြစ်ပွားပြီးမှ စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်သည့်အခါတွင် ဆုံးရှုံးမှုများနိုင်သည်။ မဖြစ်ခင် ကြိုတင်ကာကွယ်တားဆီးခြင်းဖြင့် နိုင်ငံတော်အတွက် **"ငွေကြေးနှင့် ပစ္စည်းများဆုံးရှုံးမှု၊ လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးမှု စသည်တို့ကို ကာကွယ်တားဆီးနိုင်သဖြင့်"** ထိရောက်သော တားဆီးကာကွယ်ရေးနည်းစနစ်များကို နိုင်ငံများက စုပေါင်းရှာဖွေနေကြခြင်းဖြစ်သည်။ ကုလသမဂ္ဂက နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် နှစ်စဉ် ဆောင်ပုဒ်များချမှတ်ကာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ ပူးပေါင်း၍ နည်းလမ်းများကို ရှာဖွေဖော်ထုတ်လျက်ရှိသည်။

> **ကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာတွင် မျိုးဆက်သစ်လူငယ်များ၏ စွမ်းအားကိုလည်း ဖယ်ချန်ထားခြင်းမရှိပေ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုသည်မှာ လူတို့၏ ကိုယ်ကျင့်သိက္ခာဖောက်ဖျက်မှုများကို ဥပဒေနှင့်အညီ တည့်မတ်ပေးခြင်းသာဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးဆောင်ရွက်ခြင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အနှစ်သာရဟုပင်ဆိုနိုင်**

သိသာထင်ရှားစွာ တိုးတက်ပြောင်းလဲလာသော နည်းပညာစိန်ခေါ်မှုများနှင့်အတူ အဂတိလိုက်စားမှုဖြစ်စဉ်များကလည်း နည်းပညာကို တလွဲအသုံးချ၍ နည်းလမ်းပေါင်းစုံ ကျူးလွန်ဖြစ်ပွားလာကြသည်။ ကမ္ဘာပေါ်တွင် လူငယ်ဦးရေ ၁ ဒသမ ၉ ဘီလီယံခန့်ရှိပြီး ထိုလူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရသည်။ ထို ၂၅ ရာခိုင်နှုန်းခန့်သော လူငယ်များသည် ကမ္ဘာကြီး၏ အနာဂတ်ပင်ဖြစ်သဖြင့် ထိုလူငယ်များ ဖြောင့်မတ်တည်ကြည်ကာ အဂတိလိုက်စားမှုများ ကင်းစင်နေမှသာ ကမ္ဘာကြီးကလည်း သာယာလှပလာမည်ဖြစ်သည်။

ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် မျိုးဆက်သစ်လူငယ်များ၏စွမ်းအားကိုအသုံးချ၍ ၎င်းတို့နှင့် လက်တွဲကာ အနာဂတ်ကမ္ဘာကို ဖြောင့်မတ်တည်ကြည်မှု၊ အဂတိလိုက်စားခြင်းကင်းစင်မှုတို့ဖြင့် ပုံဖော်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ကို **"ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့ – Uniting with Youth Against Corruption : Shaping Tomorrow's Integrity"** ဟု ချမှတ်ထားခြင်းဖြစ်သည်။

**ကွန်ဗင်းရှင်းအဖွဲ့ဝင်မြန်မာနိုင်ငံ**

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး နိုင်ငံတကာနှင့် လက်တွဲဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ကာ အဂတိပယ်ခွာပြည်သာယာဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားလျက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးနှင့် အဂတိလိုက်စားမှု ကျူးလွန်သူများအား ထိရောက်စွာ အရေးယူနိုင်ရေးအတွက် **"အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ အသိပညာပေးရေး၊ စုံစမ်းစစ်ဆေးရေး"** စသည့်လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

အသေးစားအဂတိလိုက်စားမှုများ လျော့နည်းကျဆင်းလာပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးများ တိုးတက်ကောင်းမွန်လာစေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းထားပြီး တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **စာမျက်နှာ ၇ သို့** ❂

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အတွက် ကုလသမဂ္ဂလူငယ်ရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ

၁။ အဂတိလိုက်စားမှုသည် အမြဲတမ်းသိသာမြင်သာသော ကိစ္စရပ်တစ်ခုမဟုတ်သော်လည်း ၎င်း၏အကျိုးသက်ရောက်မှုမှာ နေရာတိုင်းတွင် တည်ရှိနေပါသည်။ ၎င်းသည် အစိုးရအဖွဲ့အစည်းများကို အားနည်းစေပြီး လူသားအားလုံးကို ထိခိုက်စေကာ မညီမျှမှုများကို တိုးပွားစေပြီး အများပြည်သူ၏ယုံကြည်မှုကို တိုက်စားပျက်စီးစေပါသည်။ အဂတိလိုက်စားမှု ပျံ့နှံ့များပြားလာသောအခါ လူ့အဖွဲ့အစည်းအတွင်း တင်းမာမှုများ ပိုမိုနက်ရှိုင်းလာပြီး လူမှုအသိုက်အဝန်းသည်လည်း ပဋိပက္ခဖြစ်ပွားရန် ထိလွယ်ရှလွယ်ဖြစ်လာပါသည်။

၂။ ယခု အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့တွင် ကမ္ဘာတစ်ဝန်းရှိလူငယ်များသည် ဤစိန်ခေါ်မှုများကို သိရှိနားလည်ပြီး အခြေအနေမှန်များကို ရှင်းရှင်းလင်းလင်း သိမြင်ကြောင်းကို ကျွန်ုပ်တို့ လက်ခံအသိအမှတ်ပြုပါသည်။ ၎င်းတို့သည် ပိုမိုပွင့်လင်းမြင်သာမှုရှိသော၊ တရားမျှတသော၊ တာဝန်ယူမှုရှိသော စနစ်များကို တောင်းဆိုနေကြပါသည်။ ၎င်းတို့၏ ဖြောင့်မတ်တည်ကြည်မှုအတွက် တောင်းဆိုချက်သည် တည်ငြိမ်မှု၊ အားလုံးပါဝင်မှုနှင့် ငြိမ်းချမ်းရေးအတွက် ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်တစ်ခု ဖြစ်ပါသည်။

၃။ ဤသတင်းစကားသည် ယခုအချိန်တွင် အလွန်ပင်သင့်လျော်သည့် သတင်းစကားတစ်ခုဖြစ်ပါသည်။ အကြောင်းမှာ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့သည် လူငယ်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်၏ (၁၀)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကျင်းပသောကြောင့်ဖြစ်ပါသည်။ ထိုဆုံးဖြတ်ချက်သည် ပဋိပက္ခများကို တားဆီးကာကွယ်ခြင်းနှင့် ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့စေခြင်းတို့တွင် လူငယ်များ၏အခန်းကဏ္ဍကို ချိတ်ဆက်အတည်ပြုပေးခဲ့သည့် မှတ်တိုင်တစ်ခုဖြစ်သည်။

၄။ ဆယ်စုနှစ်တစ်ခုအကြာတွင် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းသည် "လူငယ်များ၏ ထိရောက်တက်ကြွသော ပါဝင်မှုမရှိပါက ငြိမ်းချမ်းရေးရရှိရန် မဖြစ်နိုင်ပါ။" ဟူသော ရိုးရှင်းသည့် အမှန်တရားတစ်ခုကို အသိအမှတ်ပြုခဲ့ပါသည်။ ယနေ့တွင် ၎င်းတို့၏အခန်းကဏ္ဍသည် ပိုမိုရှင်းလင်းမြင်သာလာပါသည်။ ရိုးသားဖြောင့်မတ်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့သည် လူငယ်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာမူဘောင်များအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသော တည်ငြိမ်ရေးဆိုင်ရာ အစီအစဉ်၏ ဗဟိုအချက်အချာဖြစ်ပါသည်။

၅။ လူငယ်များသည် ကျင့်ဝတ်နှင့်ညီသောခေါင်းဆောင်မှု၊ အားလုံးပါဝင်သော စီမံအုပ်ချုပ်မှုနှင့် ပိုမိုတရားမျှတသော အဖွဲ့အစည်းများ ဖြစ်ပေါ်စေရန် တွန်းအားပေးဆောင်ရွက်ခြင်းအားဖြင့် ပဋိပက္ခများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန် အထောက်အကူဖြစ်စေပါသည်။ လူငယ်များသည် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့၏ အခြေခံအုတ်မြစ်များကို တည်ဆောက်နေကြပါသည်။ ရပ်ရွာအခြေပြုအစီအစဉ်များကို ဦးစီးဆောင်ရွက်ခြင်းမှစ၍ ပွင့်လင်းမြင်သာမှုအတွက် ဆန်းသစ်သော ဒစ်ဂျစ်တယ်ကိရိယာများ ဖန်တီးခြင်းအထိ အများပြည်သူဘဝအတွက် လမ်းညွှန်မှုအခြေခံမှုများဖြစ်သည့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော အနာဂတ်ကို လူငယ်များက ပုံဖော်နေကြပါသည်။ ၎င်းတို့၏ ဆောင်ရွက်ချက်များသည် "ဖြောင့်မတ်တည်ကြည်မှု မြင့်မားပါက ငြိမ်းချမ်းရေးရရှိနိုင်မှု မြင့်မားစေမည်" ဟူသည့်အချက်ကို ဖော်ပြနေခြင်းဖြစ်သည်။

၆။ သို့ရာတွင် ဤကဲ့သို့သောအနာဂတ်ကို ဖန်တီးပုံဖော်ခြင်းသည် လူငယ်များတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ လူသားတိုင်း၏ တာဝန်ဖြစ်ပါသည်။ အနာဂတ်ကို ဖန်တီးရာတွင် ပွင့်လင်းမြင်သာသော ဆွေးနွေးညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ မတူကွဲပြားသောအမြင်များကို လေးစားမှုနှင့် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရန် ကတိကဝတ်ပြုမှုတို့ လိုအပ်ပါသည်။ ဖြောင့်မတ်တည်ကြည်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ကျင့်ဝတ်သိက္ခာရှိသောအပြုအမူကို ပံ့ပိုးခြင်းသည် လူတိုင်းအတွက် အကျိုးရှိစေမည်ဖြစ်ပါသည်။

၇။ ကျွန်ုပ်တို့သည် လူငယ်များနှင့်အတူ ရပ်တည်ပြီး ဤတန်ဖိုးများကို မြှင့်တင်ပေးခြင်းဖြင့် ယုံကြည်မှု၊ ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတို့ဖြင့် အခြေခံထားသော လူမှုအသိုက်အဝန်းများကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးရှိမှသာ လူငယ်လူရွယ်တိုင်း အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ပြီး ဂုဏ်သိက္ခာရှိစွာ ပြုမူနေထိုင်နိုင်သည့် ကမ္ဘာတစ်ခုအား ဖန်တီးနိုင်မည်ဖြစ်ပါသည်။

❂ စာမျက်နှာ ၆ မှ

အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ပြည်သူလူထု၏ ယုံကြည်မှု ပိုမိုတိုးတက်လာစေရေးအတွက် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကိုလည်း ဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၃ ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ သုံးခုတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ဝန်ဆောင်မှုရယူသော ပြည်သူများအနေဖြင့် မိမိတို့ရယူသည့် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ သဘောထား အကြံပြုချက်များကို Short Code နံပါတ် 1111 မှတစ်ဆင့် ပြန်လည်ကာ ဖော်ပြပေးပို့နိုင်သည်။

**လူငယ်အသိပညာပေး**

ကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာတွင် မျိုးဆက်သစ်လူငယ်များ၏ စွမ်းအားကိုလည်း ဖယ်ချန်ထားခြင်းမရှိပေ။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုသည်မှာ လူတို့၏ ကိုယ်ကျင့်သိက္ခာ ဖောက်ဖျက်မှုများကို ဥပဒေနှင့်အညီ တည့်မတ်ပေးခြင်းသာဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးဆောင်ရွက်ခြင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အနှစ်သာရဟုပင်ဆိုနိုင်သည်။

အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည်နှင့်အညီ မျိုးဆက်သစ်လူငယ်များ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးအတွက် ကျင့်ဝတ်လိုက်နာရေးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှု – Edutainment အစီအစဉ်များ ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးအစီအစဉ်အဖြစ် အခြေခံပညာကျောင်း ၃၂၁ ကျောင်းတွင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ စကားဝိုင်းဆွေးနွေးပွဲများကိုလည်း တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် စာသင်ကျောင်း ၄၅ ခုတွင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် မျိုးဆက်သစ်လူငယ်များအနေဖြင့် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှု စံတန်ဖိုးများကို သိရှိလိုက်နာတတ်သူများ ဖြစ်လာစေရေးတွင် အခြေခံပညာ ဆရာ ဆရာမများ၏ အခန်းကဏ္ဍကလည်း အရေးကြီးသဖြင့် ဆရာ ဆရာမများအနေဖြင့် မျိုးဆက်သစ်လူငယ်များ အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများကို ပိုမိုသင်ကြားပေးနိုင်ရေးအတွက် နွေရာသီကျောင်းပိတ်ရက်များတွင် ဖွင့်လှစ်သည့် "ဆရာ ဆရာမများ မွမ်းမံသင်တန်းများ"၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာ ဆွေးနွေးပို့ချခြင်းကို ၂၁၃ ကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာပေးခြင်းနည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်ပြသရုပ်ဖော်တေးသီချင်းများ ထုတ်လွှင့်ခြင်း၊ Animation ဇာတ်လမ်းတိုနှင့် ပြဇာတ်များ ပြသခြင်းတို့ ဆောင်ရွက်နေသည်ကို တွေ့ရသည်။

**"အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးစကားဝိုင်း"**ကိုလည်း ထုတ်လွှင့်ပြသလျက်ရှိပြီး မျိုးဆက်သစ်လူငယ်များအပါအဝင် နိုင်ငံသူ နိုင်ငံသားတိုင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံ့ဘဏ္ဍာမဆုံးရှုံးစေရေး**

နိုင်ငံတော်၏အရင်းအမြစ်များ ဘဏ္ဍာရန်ပုံငွေများကို အဂတိလိုက်စားမှုများကြောင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကာကွယ်ပေးခြင်းဖြင့် နိုင်ငံသူနိုင်ငံသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဘဏ္ဍာရန်ပုံငွေများ ပိုမိုရရှိလာနိုင်သည်။ မျိုးဆက်သစ်လူငယ်များအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး ရည်မှန်းချက်များကိုလည်း ပြည့်ဝစေနိုင်သည်။

သို့ဖြစ်ရာ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကို ဥပဒေနှင့်အညီ စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ မြန်မာငွေကျပ် ၃၆ ဒသမ ၆၉ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ လေးသန်းကျော်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် ပြန်လည်သိမ်းဆည်းပေးသွင်းနိုင်ခဲ့သည်။ ထို့ပြင် နိုင်ငံ့ဘဏ္ဍာဆုံးရှုံးမှုမရှိစေရေး ကာကွယ်ပေးမှုအနေဖြင့် မြန်မာငွေကျပ် ၂၁၅ ဘီလီယံကျော်နှင့် ယူရို သုံးသန်းကျော်ရှိခဲ့သည်ဟု သိရသည်။

**ဂုဏ်ယူစွာဖြင့်**

ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့ဝင်နိုင်ငံများ စသည်ဖြင့် နိုင်ငံတကာနှင့် မျက်ခြည်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့သို့လည်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသည်ကို တွေ့ရသည်။

မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် အဖွဲ့၏ (၂၁)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကာ ၂၀၂၆ ခုနှစ်တွင် အဖွဲ့၏ အစည်းအဝေးများကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပရေး ကိစ္စရပ်များကိုပါ အောင်အောင်မြင်မြင် ဆွေးနွေးနိုင်ခဲ့သည်။ ယခုနှစ်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ဆောင်ပုဒ်နှင့် လိုက်လျောညီထွေရှိသည့် ASEAN Youth; Upholding Integrity, Building a Corruption-Free Future ဆိုသည့် ဆောင်ပုဒ်ဖြင့် အဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ကျရောက်ခဲ့သည့် (၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး **"လူတွေမှာ ချစ်ခြင်း၊ မုန်းခြင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ ဘယာ စတဲ့ စိတ်အညစ်အကြေးတွေကြောင့် အဂတိကျူးလွန်လာကြတာ ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေ၊ ကျောင်းသားတွေ ကျောင်းသူတွေကို ငယ်ရွယ်စဉ်ကစပြီး အဂတိကင်းရှင်းစေဖို့၊ စိတ်ထားဖြူစင်သန့်ရှင်းစေဖို့အတွက် လူ့ဂုဏ်သိက္ခာနဲ့ လူမှုကျင့်ဝတ်တွေကို သွန်သင်ပြသဆုံးမပေးကြဖို့ လိုအပ်ပါတယ်"**ဟု ထည့်သွင်းလမ်းညွှန်မှာကြားခဲ့သည်။

ကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် လူငယ်များနှင့် လက်တွဲလျက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ယခုနှစ် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင်ကျရောက်သည့် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အတွက် ချမှတ်ထားသော **"ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကို ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေသည့် ကော်မရှင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် လူငယ်များ ပိုမို ပူးပေါင်းပါဝင်လာစေကြောင်း ရည်ရွယ်ရင်းဖြင့် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အား ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား**

- **ကော်မရှင်ရုံး၏ အချက်အလက်များ၊**
- http://www.anticorruptionday.org/
- **ကော်မရှင်ရုံး Website (https://www.accm.gov.mm/)**
- **နေ့စဉ်ထုတ်သတင်းစာများပါ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ဆောင်ပုဒ် ကြေညာချက်။**







# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် South East Asia Games Federation Council Meeting (SEAGF) သို့ တက်ရောက်

ဗန်ကောက် ဒီဇင်ဘာ ၈

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက် ချွန်ဘူရီနှင့် ချင်းမိုင်မြို့တို့တွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် South East Asia Games Federation Council Meeting(SEAGF) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Grand Four Winds Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် CEO SEAGF Office (H.E.Dato' Seri Chaiyapak Siriwat) က အဖွင့်အမှာစကားပြောကြားကာ ထိုင်းနိုင်ငံ ခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး H.E.Atthakorn Sirilatthayakorn, Minister of Tourism and Sports Thailand နှင့် South East Asia Games Federation Council ဥက္ကဋ္ဌ၊ ထိုင်းအမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ The Honourable Asst.Prof.Pimol Srivikorn တို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားကြပြီး ဆုတံဆိပ်များ ပေးအပ်သည်။



ထို့နောက် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အကြီးအကဲများက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးကြသည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်အတူ ဗန်ကောက်မြို့ National Broadcasting Service of Thailand သို့ သွားရောက်ပြီး ပြိုင်ပွဲများကျင်းပနေမှုများကို MRTV, MRTV 4 နှင့် Hey Play တို့မှ သတင်းရယူ ထုတ်လွှင့်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး အားကစားနည်းအလိုက် ပြိုင်ပွဲယှဉ်ပြိုင်မှုသတင်းများကို မြန်မာနိုင်ငံမှပြည်သူများ အားပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသပေးနိုင်ရန် အတူတကွဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းမြို့ဝင် ရောဝတီတံတား(ရတနာပုံ)ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၈

ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့နယ်အတွင်း ရပ်ကွက်များနှင့် ကျေးရွာများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးသည့် သံ၊ သွပ်၊ ဘိလပ်မြေများနှင့် ထောက်ပံ့ငွေများကို စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဘဏ်၌ ခွဲဝေဖြန့်ဖြူးပေးနေမှုကို ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူသွားရောက် အားပေးကြည့်ရှုပြီး ငလျင်ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး အဝင်မုခ်ဦး ပြန်လည်တည်ဆောက်နေမှုကို လည်းကောင်း၊ စစ်ကိုင်းမြို့ဝင် ရောဝတီတံတား(ရတနာပုံ)ရှိ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ပူးပေါင်း စစ်ဆေးရေးအဖွဲ့များ လုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားမဝင် ငွေကြေးကောက်ခံမှုများမရှိစေရေးနှင့် တရားမဝင်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေးတို့ကို မှာကြားသည်။



ယင်းနောက် စစ်ကိုင်းမြို့ သစ်ဆိပ်မြစ်ကမ်းမှ မန္တလေးမြို့ ရွှေကြက်ကျ မြစ်ကမ်းသို့ တန် ၂၀ အထက် ကုန်တင်ကားကြီးများနှင့် တွဲကားကြီးများ ဖြတ်သန်းသွားလာမှု အဆင်ပြေစေရန်အတွက် ဇက်၊ ကူးတို့များဖြင့် သယ်ယူပို့ဆောင်နေမှုကို လည်းကောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ စစ်ကိုင်းမြို့ ရောဝတီတံတား(ရတနာပုံ)နှင့် ကံတလူဂိတ်တို့ရှိ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ တာဝန်ရှိသူများက မိမိတို့ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးဝန်ကြီးများက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများ မှာကြား၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၈

ယနေ့ မြန်မာစံတော်ချိန် ၂၀ နာရီ၊ ၄၀ မိနစ်၊ ၁၁ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၃၂၀၈ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (Near East Coast of Honshu, Japan)၊ မြောက်လတ္တီတွဒ် ၄၀ ဒသမ ၉၇ ဒီဂရီ၊ အရှေ့ လောင်ဂျီတွဒ် ၁၄၂ ဒသမ ၄၀ ဒီဂရီ၊ အနက် ၅၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ


# ကော့မှူးမြို့နယ်အတွင်း ကျေးလက်လမ်းတံတားလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု


ကော့မှူး ဒီဇင်ဘာ ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး) ဒေါက်တာ ထွန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်စန်းစန်းအေးနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်အတွင်း ကော့မှူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် K & F Company မှ တာဝန်ယူဆောင်ရွက်သည့် ကျိုက်ထော်-ကျုံလတာ -အောက်ကျောင်း - ဥတို -သမဲ့လမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလတွင် ပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့သည်။



ကျော်သူရ(ကော့မှူး)




# မန္တလေးမြို့၌ Mandalay Climate and Earthquake Forum ဆွေးနွေးပွဲ ဖွင့်ပွဲနှင့် မဟာလောကရန်နိုမ်အောင်တော်မူ မြတ်စွာဘုရား(၁၄၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော် ဆွမ်းသပိတ်နှင့် စာရေးတံမဲများ လောင်းလှူပွဲကျင်းပ

မန္တလေး ဒီဇင်ဘာ ၈

Mandalay Climate and Earthquake Forum ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံမြေလျှင်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Mandalay Climate and Earthquake Forum နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာနှင့် မြေလျှင်ဆိုင်ရာလုပ်ငန်းစဉ်များတွင်အသုံးပြုသည့် စက်ကိရိယာပစ္စည်းများကို ကြည့်ရှုအားပေးသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောက ရန်နိုမ်အောင်တော်မူ မြတ်စွာဘုရားပရိဝုဏ်၌ ကျင်းပသည့် သီပေါဘုရင်မင်းမြတ် တည်ထားကိုးကွယ်ခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောက ရန်နိုမ်အောင်တော်မူမြတ်စွာဘုရား (၁၄၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော် ဆွမ်းသပိတ်နှင့် စာရေးတံမဲများ ဆက်ကပ်လောင်းလှူပွဲ အခမ်းအနားသို့ တက်ရောက်၍ အောင်တော်မူမြတ်စွာဘုရား ရေတော်ဆရာတော်နှင့် မန္တလေးမြို့ လေးပြင်လေးရပ်မှ ပင့်သံဃာများအား ဆွမ်းသပိတ်နှင့် စာရေးတံမဲများ ဆက်ကပ် လောင်းလှူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး ရှစ်ထပ်ဆောင်၌ စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများအားတွေ့ဆုံပြီး မြို့သန့်ရှင်းသာယာလှပရေးနှင့်ပတ်သက်၍ စည်ပင်သာယာရေးလုပ်ငန်းများကို စည်ပင်သာယာရေးဥပဒေနှင့်အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရေး ဆွေးနွေးမှာကြားကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန မှတ်တမ်းနှင့် မော်ကွန်းစီမံခန့်ခွဲမှု (အခြေခံ)သင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၈

အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန မှတ်တမ်းနှင့် မော်ကွန်းစီမံခန့်ခွဲမှု(အခြေခံ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ အမျိုးသား စီမံကိန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်၊ အမျိုးသား စီမံကိန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအသီးသီးမှ တက်ရောက်လာကြသော ဝန်ထမ်းများအနေဖြင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ မှတ်တမ်း၊ မော်ကွန်းများ၏ အရေးပါမှုကို သိရှိရန်လိုအပ်ကြောင်း၊ အစိုးရဌာနအသီးသီးတွင်ရှိသည့် မှတ်တမ်းများကို ထိန်းသိမ်းရမည့် နည်းစနစ်များကို သိရှိပါက နိုင်ငံတော်အတွက် တန်ဖိုးရှိသော အစိုးရ၏ဆောင်ရွက်ချက် အထောက်အထားမှတ်တမ်း၊ မော်ကွန်းများ ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ မှတ်တမ်းနှင့် မော်ကွန်းများကို ထိန်းသိမ်းနိုင်ပါက အနာဂတ်တွင် ပြန်လည်ကိုးကား အသုံးပြုနိုင်သည့် အပြင် အမျိုးသားမှတ်တမ်း အမွေအနှစ်များအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ ဌာနများနှင့် အဖွဲ့အစည်းများတွင် မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရန်၊ ဌာနနှင့် အဖွဲ့အစည်းများ၏ တန်ဖိုးရှိသောမှတ်တမ်းများကို အမျိုးသားမှတ်တမ်းနှင့် မော်ကွန်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ လွှဲပြောင်းပေးအပ်နိုင်ရန် အတွက် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**ဖွင့်လှစ်သင်ကြား**

အဆိုပါသင်တန်းတွင် ဌာနများရှိ မှတ်တမ်းနှင့် မော်ကွန်းများကို ထိန်းသိမ်းနိုင်ရေး စီမံခန့်ခွဲမှု နည်းစနစ်များနှင့် စပ်လျဉ်း၍ ခုနစ်ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# မင်းလှမြို့နယ်၌ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

မင်းလှ ဒီဇင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အသင်းရုံးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သဘာပတိ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးမောင်မောင်သန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးကိုယ်စား လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းထွဋ်က အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပရခြင်းနှင့် တိုင်းဒေသကြီးအတွင်း သမဝါယမကဏ္ဍဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သက်သက်နွယ်က ဆက်လက် အကောင်ထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ လုပ်ငန်းအစီအရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျောက်ပျော်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်

ကျောက်ပျော် ဒီဇင်ဘာ ၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရခိုင်ပြည်နယ် ကျောက်ပျော်မြို့နယ် ရောမင်းခန်းမ၌ ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။



ဦးစွာ ကျောက်ပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရွေးကောက်ပွဲ မစတင်မီနှင့် ရွေးကောက်ပွဲ ပြီးစီးသည်အထိ ပြင်ဆင်ဆောင်ရွက်ထားသင့်သည်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရေး

မေသော်

**❛ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်းအားဖြင့် ပါတီများနှင့် ကိုယ်စားလှယ်လောင်းအားလုံးအတွက် တန်းတူညီမျှသောအခွင့်အလမ်းကို ဖန်တီးပေးသဖြင့် တရားမျှတမှုရှိခြင်း၊ မဲဆန္ဒရှင်များအား မည်သည့်ဖိအားမှမပါဘဲ လွတ်လပ်စွာဆုံးဖြတ်ချက်ချစေနိုင်သဖြင့် မဲဆန္ဒရှင်များ၏ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကိုကာကွယ်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ သမာသမတ်ကျမှုနှင့် ယုံကြည်စိတ်ချရမှုကိုမြှင့်တင်ပေးသဖြင့် ရွေးကောက်ပွဲ၏တရားဝင်မှုကိုမြှင့်တင်ခြင်း၊ ပါတီများနှင့် ကိုယ်စားလှယ်လောင်းများအကြား ပဋိပက္ခဖြစ်ပွားမှုကို လျှော့နည်းစေခြင်း၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီစေခြင်း စသည့် အကျိုးကျေးဇူးများကိုရရှိစေသည့်အတွက် ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရန် အရေးကြီး❜**

**မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲများ**

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်ကာလသို့ ရောက်ရှိလာခဲ့ပြီးဖြစ်ပါသည်။ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် ရွေးကောက်ပွဲများကျင်းပခြင်းသည် အခြေခံအကျဆုံးနှင့် မဖြစ်မနေဖြတ်သန်းရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ လွတ်လပ်ရေးမရသေးမီ ဗြိတိသျှလက်အောက်ကျရောက်စဉ်အချိန်ကတည်းကစ၍ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲများ ကျင်းပခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် ၁၉၂၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အထွေထွေရွေးကောက်ပွဲ ၁၇ ကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲ သုံးကြိမ် ကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်မှစတင်၍ ရွေးကောက်ပွဲများကို အများစုကိုယ်စားပြုစနစ် (Plurality/Majority System) များအနက်မှ အနိုင်ရသူအကုန်ယူစနစ်(FPTP)ကို ကျင့်သုံးခဲ့သော်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့အတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် Mixed Member Proportional (MMP) စနစ်ဖြင့် ကျင့်သုံးသွားမည်ဖြစ်ပါသည်။

MMP စနစ်ဆိုသည် မှာ FPTP စနစ်၏ ရိုးရှင်းမှုနှင့် PR စနစ်၏ မျှတမှုတို့ကိုပေါင်းစပ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် စသည့် လွှတ်တော်သုံးရပ်တွင် တာဝန်ထမ်းဆောင်ကြမည့် ကိုယ်စားလှယ်များကို မဲဆန္ဒရှင်များက မဲပေးရွေးချယ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲများ ကျင်းပပေးရခြင်းဖြစ်ပါသည်။

**နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခြင်း**

ရွေးကောက်ပွဲဟုဆိုရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို ချန်လှပ်ထား၍မရပေ။ ရွေးကောက်ပွဲကျင်းပရာတွင် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်း (Electoral Management Body) ဖြစ်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က စီမံကြီးကြပ်ဆောင်ရွက်ကြရပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ တွင် နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟု ပြဋ္ဌာန်းထားသည်။ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် နိုင်ငံရေးပါတီများသည် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်ပါသည်။ နိုင်ငံရေးပါတီများသည် လွှတ်တော်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားပြီးဖြစ်ရပါမည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မှတ်ပုံတင်ပြီး နိုင်ငံရေးပါတီ ၅၇ ပါတီ ပါဝင်ယှဉ်ပြိုင်ကြပါမည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ပြည်သူ့လွှတ်တော်တွင် ၁၃၄၉ ဦး၊ အမျိုးသားလွှတ်တော်တွင် ၈၃၅ ဦး၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ၂၇၃၃ ဦးနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော် မဲဆန္ဒနယ်အတွက် ၁၀၆ ဦး စုစုပေါင်း ၅၀၂၃ ဦး ကိုယ်စားလှယ်လောင်းများအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် အတည်ပြုထားပြီးဖြစ်သော်လည်း ရွေးကောက်ပွဲရက်မတိုင်မီ အချို့ကိုယ်စားလှယ်လောင်းများ သေဆုံးခြင်း၊ သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်းတို့ကြောင့် ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ခြင်းများရှိသဖြင့် ကိုယ်စားလှယ်လောင်းဦးရေပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ**ကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ကို လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ကိုလည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

ပထမအကြိမ်ပြင်ဆင်သည့်ဥပဒေအရ **ပါတီဝင်ဦးရေစည်းရုံးရာတွင်** ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ “ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်” အတွင်း “ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀၀၀”ကို စည်းရုံးရပါမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက “ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀”ကို စည်းရုံးရပါမည်။

**ပါတီရန်ပုံငွေအဖြစ်** ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ကျပ်သိန်း ၁၀၀၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ကျပ်သိန်း ၁၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ပြီးဖြစ်ရပါမည်။ **ပါတီရုံးခန်းဖွင့်လှစ်ခြင်း**နှင့်ပတ်သက်၍ ပြည်ထောင်စုတစ်ဝန်း စည်းရုံးမည့်ပါတီဆိုပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ “ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်”အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံး သုံးပုံတစ်ပုံ၌ ပါတီရုံးခန်းဖွင့်လှစ်ပြီး ဖြစ်ရပါမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ထိုတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ငါးမြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်ပြီး ဖြစ်ရပါမည်။ ခိုင်မာအားကောင်းသည့် ပါတီများဖြစ်ရန်အတွက် သတ်မှတ်ထားသည့် ပါတီရန်ပုံငွေ၊ ပါတီဝင်အင်အားနှင့် ပါတီရုံးခန်းများ ရှိရမည်ဖြစ်ပါသည်။

ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအရ **နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း**နှင့်ပတ်သက်၍ ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၀) ၏ နောက်တွင် ပုဒ်မခွဲငယ် (၁၁) အဖြစ် “ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်ကြောင်း ကော်မရှင်က စစ်ဆေးတွေ့ရှိခြင်း” ဆိုသည့်အချက်ကို ထည့်သွင်းပြဋ္ဌာန်းထားသည်ကို သတိပြုရမည်ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံရေးပါတီများအနေဖြင့် အထွေထွေရွေးကောက်ပွဲတွင် **ဝင်ရောက်ယှဉ်ပြိုင်မှုနှင့်ပတ်သက်၍** အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် “နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ”ကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုတတိယအကြိမ် ပြင်ဆင်သည့်ဥပဒေအရ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီများအနေဖြင့် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်မဲဆန္ဒနယ်အပါအဝင်) မဲဆန္ဒနယ်အားလုံး၏ လေးပုံတစ်ပုံတွင် ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရဟူ၍ “မဲဆန္ဒနယ်၏ထက်ဝက်” အစား “လေးပုံတစ်ပုံ” ဖြင့် ဖြေလျှော့ပြဋ္ဌာန်းပေးခဲ့သည်ကို တွေ့ရပါသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများအနေဖြင့် သတ်မှတ်မဲဆန္ဒနယ်များအတိုင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်ကို တွေ့ရပါသည်။

**နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍတိုးတက်ရေး**

ရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို တိုးတက်စေရန်အတွက် အောက်ပါအချက်များကို ဆောင်ရွက်သင့်သည်ဟု ထင်မြင်မိပါသည် –

(က) **ပွင့်လင်းမြင်သာမှုမြှင့်တင်ခြင်း**
ပါတီ၏ရန်ပုံငွေရရှိမှုနှင့် သုံးစွဲမှုများကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခြင်း၊ ပါတီတွင်း ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များကို ပိုမိုပွင့်လင်းအောင်ပြုလုပ်ခြင်းတို့ ဆောင်ရွက်ခြင်း၊

(ခ) **မူဝါဒရေးဆွဲရာတွင် ပြည်သူလူထုပါဝင်မှုတိုးမြှင့်ခြင်း**
လူထုတွေ့ဆုံပွဲများ၊ အွန်လိုင်းစစ်တမ်းများမှတစ်ဆင့် ပြည်သူ့သဘောထားကို စုဆောင်းခြင်း၊ မူဝါဒရေးဆွဲရာတွင် ကျွမ်းကျင်သူများနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်စေခြင်း၊

(ဂ) **ပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း**
မဲဆန္ဒရှင်ပညာပေးအစီအစဉ်များ ပိုမိုဆောင်ရွက်ခြင်း၊ ပါတီ၏မူဝါဒအကြောင်းအရာများကို ရိုးရှင်းစွာရှင်းပြသည့် ပညာပေးဗီဒီယိုများ ထုတ်လုပ်တင်ဆက်ခြင်း၊

(ဃ) **နည်းပညာအသုံးပြုမှုတိုးမြှင့်ခြင်း**
ဆိုရှယ်မီဒီယာနှင့် အွန်လိုင်းပလက်ဖောင်းများကို ပိုမိုထိရောက်စွာအသုံးပြုခြင်း၊ အွန်လိုင်းမှတစ်ဆင့် မဲဆန္ဒရှင်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှုတိုးမြှင့်ခြင်း၊

(င) **အားလုံးပါဝင်နိုင်မှုကို မြှင့်တင်ခြင်း**
အမျိုးသမီးများ၊ လူငယ်များ၊ လူနည်းစုအုပ်စုများ ပိုမိုပါဝင်လာစေရန်အားပေးခြင်းနှင့် မသန်စွမ်းသူများ ပါဝင်နိုင်မည့် အစီအစဉ်များ ရေးဆွဲခြင်း၊

(စ) **ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများ မြှင့်တင်ခြင်း**
ပါတီတွင်းကျင့်ဝတ်စည်းမျဉ်းများ ချမှတ်ခြင်းနှင့် တိကျစွာလိုက်နာစေခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) **အခြားပါတီများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း**
သဘောထားကွဲလွဲမှုများကို လေးစားစွာဆွေးနွေးနိုင်သည့် ဖိုရမ်များဖန်တီးခြင်းနှင့် အမျိုးသားအကျိုးစီးပွားအတွက် ပါတီများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း၊

(ဇ) **စွမ်းဆောင်ရည်မြှင့်တင်ခြင်း**
ပါတီဝင်များနှင့် ကိုယ်စားလှယ်လောင်းများအတွက် သင်တန်းအစီအစဉ်များ တိုးမြှင့်ခြင်းနှင့် ခေတ်မီစီမံခန့်ခွဲမှုနည်းစနစ်များ ကျင့်သုံးခြင်း၊

(ဈ) **ရေရှည်တည်တံ့သော မဟာဗျူဟာများချမှတ်ခြင်း**
ရွေးကောက်ပွဲကာလအတွင်းသာမက ရွေးကောက်ပွဲအပြီးတွင်လည်း ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ ရေးဆွဲခြင်းနှင့် ရေရှည်မျှော်မှန်းချက်နှင့် မူဝါဒများကို ပုံမှန်ပြန်လည်သုံးသပ်ခြင်း၊

(ည) **တာဝန်ခံမှုတိုးမြှင့်ခြင်း**
ပါတီ၏ ကတိကဝတ်များနှင့် လုပ်ဆောင်ချက်များကို ပုံမှန်အစီရင်ခံခြင်းနှင့် ပြည်သူလူထု၏ တုံ့ပြန်မှုများကို လက်ခံ၍ လိုအပ်သလို ပြုပြင်ပြောင်းလဲခြင်း။

ဤအချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရွေးကောက်ပွဲအတွင်း နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍကို ပိုမိုထိရောက်စွာ မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ဤသို့ဖြင့် ပိုမိုအားကောင်းသော ဒီမိုကရေစီစနစ်တစ်ခု ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

**ပါတီစည်းရုံးရေးနှင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး**

ပါတီစည်းရုံးရေးဆိုသည်မှာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရသည့်အချိန်မှစ၍ မိမိတို့ပါတီတွင် ပါတီဝင်အင်အား တောင့်တင်းခိုင်မာရန်၊ လူထုထောက်ခံမှုရရှိရန်နှင့် ရွေးကောက်ပွဲများတွင် မိမိတို့ပါတီကိုယ်စားလှယ်လောင်းများ အနိုင်ရရှိရွေးချယ်ခံရရန် ပြည်သူလူထု (မဲဆန္ဒရှင်များ)အား ထာဝစဉ် စည်းရုံးဆောင်ရွက်ခြင်းကို Long Term Campaign ဟု ခေါ်ဆိုပါသည်။ စာမျက်နှာ ၁၁ သို့ ❑

❑ စာမျက်နှာ ၁၀ မှ

အထက်တွင်ဖော်ပြပြီးဖြစ်သကဲ့သို့ ရှိရမည့်ပါတီဝင်အရေအတွက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါသည်။

ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးဆိုသည်မှာ ရွေးကောက်ပွဲနီးလာသည့်အခါ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စာရင်းသွင်း၊ စိစစ်အတည်ပြု ကြေညာပြီးနောက်ပိုင်းတွင် မဲဆန္ဒနယ်အလိုက် မဲဆွယ်စည်းရုံးခြင်းကို Short Term Campaign အဖြစ် ကော်မရှင်က ခွင့်ပြုပေးထားပါသည်။ ပါတီစည်းရုံးရေးသည် ပါတီ၏မူဝါဒနှင့် လမ်းစဉ်များကို ပြည်သူလူထုထံ ချပြရှင်းလင်းပြီး ပါတီဝင်များရရှိရေးအတွက် စည်းရုံးလှုံ့ဆော်ရခြင်းဖြစ်ပြီး ပြဋ္ဌာန်းဥပဒေများနှင့်အညီ စည်းရုံးလှုပ်ရှားခွင့်ရှိပါသည်။ မဲဆွယ်စည်းရုံးရေးသည် ရွေးကောက်ပွဲကျင်းပရန် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အတည်ပြုပြီးပါက မဲဆွယ်စည်းရုံးရေးကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်ရသကဲ့သို့ အသုံးစရိတ်ကိုလည်း ကန့်သတ်ထားပါသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ၂၈-၁၀-၂၀၂၅ ရက်နေ့ နံနက်(၀၆:၀၀)နာရီမှ ၂၆-၁၂-၂၀၂၅ ရက်နေ့ ည(၁၂:၀၀)နာရီအထိ ရက်ပေါင်း ၆၀ ခွင့်ပြုကြောင်း ၁၅-၁၀-၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၃၄/၂၀၂၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲ၍ ကျင်းပမည်ဖြစ်ပြီး အပိုင်း(၁) နှင့် အပိုင်း(၂) ကျင်းပမည့်နေ့ရက်များကို ကြေညာပြီးဖြစ်ရာ အပိုင်း(၂) အတွက် ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကြေညာချက်အမှတ် (၁၅၁/၂၀၂၅)ကို ၂၈-၁၁-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါ ကြေညာချက်အရ ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် ၅၆ မြို့နယ်မှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်အားလုံးတွင် ၂၆-၁၂-၂၀၂၅ ရက်နေ့ ည ၁၂:၀၀ နာရီအချိန်မှ ၂၈-၁၂-၂၀၂၅ ရက်နေ့ ရွေးကောက်ပွဲ ကျင်းပပြီးသည်အထိ ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည်ဖြစ်ပြီး အပိုင်း(၁)မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို ၂၆-၁၂-၂၀၂၅ ရက်နေ့ ည ၁၂:၀၀ နာရီ နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲအပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ်များအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို ၂၉-၁၂-၂၀၂၅ ရက်နေ့မှစ၍ ဆက်လက်ဆောင်ရွက်နိုင်ပြီး ၉-၁-၂၀၂၆ ရက်နေ့ ည ၁၂:၀၀ နာရီအချိန်မှ ၁၁-၁-၂၀၂၆ ရက်နေ့ အပိုင်း(၂) ရွေးကောက်ပွဲကျင်းပပြီးသည်အထိ ရပ်နားထားရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲအပိုင်း (၂) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကိုလည်း ၉-၁-၂၀၂၆ ရက်နေ့ ည ၁၂:၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းရမည်ဖြစ်ပြီး ရွေးကောက်ပွဲအပိုင်း (၃)အတွက် သတ်မှတ်ရက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဆက်လက်ထုတ်ပြန် ကြေညာပေးသွားမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က နှင့် လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ အခန်း(၁၀)တို့တွင် ထည့်သွင်းထုတ်ပြန်ထားပြီးဖြစ်၍ နိုင်ငံရေးပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းများ သို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးမှုဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိစေရေးအတွက် အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ မဲဆွယ်စည်းရုံးရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းသတ်မှတ်ဆောင်ရွက်ထားသည်ကို တွေ့ရပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က တွင် မဲဆွယ်စည်းရုံးနိုင်သည့် ပုဂ္ဂိုလ်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များက မဲဆွယ်စည်းရုံးနိုင်ကြောင်း ဖော်ပြထားပြီး စည်းရုံးနိုင်သည့် နည်းလမ်းများအနေဖြင့် (၁) သတ်မှတ်သည့်နေရာနှင့် အချိန်တွင် စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း၊ (၂) မီဒီယာများမှတစ်ဆင့် ဟောပြောစည်းရုံးခြင်းနှင့် (၃) ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခြင်း စသည့်နည်းလမ်းများဖြင့် စည်းရုံးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ အခန်း(၁၀)တွင် ဖော်ပြထားသည်မှာ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ထားသည့်နေရာနှင့် အချိန်အတွင်းသာ ဆောင်ရွက်ခွင့်ရှိကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည့် လူစုလူဝေးများ၊ ယာဉ်များဖြင့် စီတန်းလှည့်လည်ခြင်း၊ နည်းမျိုးစုံဖြင့် အပြိုင်အဆိုင် အင်အားပြစည်းရုံးခြင်းများကို ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများတွင် ခွင့်ပြုထားခြင်းမရှိသည်ကို အထူးသတိပြုရမည်ဖြစ်ပါသည်။

မီဒီယာများမှတစ်ဆင့် ဟောပြောစည်းရုံးခြင်းနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရန်အလို့ငှာ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၄၆ အရ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်ကို ၂၈-၁၀-၂၀၂၅ ရက်နေ့မှ ၂၆-၁၂-၂၀၂၅ ရက်နေ့အထိ ခွင့်ပြုပေးရန် စီစဉ်ဆောင်ရွက်ပေးထားမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၅-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၁၇/၂၀၂၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ယခုအခါ ပါတီများအနေဖြင့် ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ညစဉ် နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြလျက်ရှိပါသည်။

သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၄၇ တွင် ပုဂ္ဂလိကပိုင်မီဒီယာများမှတစ်ဆင့် မဲဆွယ်စည်းရုံးခြင်းများ ပြုလုပ်ပါက သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ဆက်သွယ်ရေးကွန်ရက်တစ်ခုခု သို့မဟုတ် ဆိုက်ဘာအရင်းအမြစ်တစ်ခုခုကို အသုံးပြုဆောင်ရွက်ပါက ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို သတိပြုလိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခြင်းနှင့်ပတ်သက်၍ ရွေးကောက်ပွဲနည်းဥပဒေ ၄၈ တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ပြည်သူအများသိရှိစေရန် စာရွက်စာတမ်း၊ စာအုပ်နှင့် လက်ကမ်းစာစောင်များ ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၊ ကြော်ငြာဆိုင်းဘုတ်များနှင့် ဗီနိုင်းပိုစတာများ စိုက်ထူချိတ်ဆွဲခြင်း ပြုလုပ်လိုပါက သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့်ညှိနှိုင်း၍ ဖြုတ်သိမ်းသွားမည်ဖြစ်ပြီး ကုန်ကျစရိတ်ကျသင့်ငွေကို သက်ဆိုင်ရာ နိုင်ငံရေးပါတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း သတိချပ်စေလိုပါသည်။

မဲဆွယ်စည်းရုံးရန် စုဝေးဟောပြောရာတွင်ဖြစ်စေ၊ ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိရာတွင်ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်းမဖြစ်စေရေး သတိပြုရမည့်အချက်များကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၄၉ တွင် ပြဋ္ဌာန်းထားရှိပြီး နည်းဥပဒေ ၅၀ အရ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိပါက သက်ဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

ရွေးကောက်ပွဲအသုံးစရိတ်နှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် “နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ”အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ငွေကျပ်သိန်း ၁၅၀ မှ သိန်း ၃၀၀ သို့လည်းကောင်း၊ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ငွေကျပ်သိန်း ၃၀၀ မှ ၅၀၀ သို့လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း၏ တရားဝင် ရငွေ၊ တရားဝင်ရရှိထားသည့် ပါတီရန်ပုံငွေတို့မှ ကျခံသုံးစွဲနိုင်ကြောင်း ပြင်ဆင်ထုတ်ပြန်ပေးခဲ့ပါသည်။

**ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရန် အရေးကြီးပုံ**

မဲဆွယ်စည်းရုံးရေးသည် ဒီမိုကရေစီလုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်ပြီး နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ၎င်းတို့၏မူဝါဒများ၊ အစီအစဉ်များနှင့် ရည်မှန်းချက်များကို မဲဆန္ဒရှင်များထံ တိုက်ရိုက်တင်ပြနိုင်သည့် အခွင့်အလမ်းဖြစ်ပါသည်။ မဲဆွယ်စည်းရုံးရေးကာလအတွင်း ပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် မဲဆန္ဒရှင်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသဖြင့် ပြည်သူလူထု၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများနှင့် မျှော်လင့်ချက်များကို ပိုမိုနားလည်လာနိုင်သည့်အတွက် ၎င်းတို့၏မူဝါဒများကို ပြည်သူ့ဆန္ဒနှင့်အညီ ချိန်ညှိနိုင်စေပါသည်။

ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်းအားဖြင့် ပါတီများနှင့် ကိုယ်စားလှယ်လောင်းအားလုံးအတွက် တန်းတူညီမျှသော အခွင့်အလမ်းကို ဖန်တီးပေးသဖြင့် တရားမျှတမှုရှိခြင်း၊ မဲဆန္ဒရှင်များအား မည်သည့်ဖိအားမှမပါဘဲ လွတ်လပ်စွာ ဆုံးဖြတ်ချက်ချစေနိုင်သဖြင့် မဲဆန္ဒရှင်များ၏ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ကာကွယ်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ သမာသမတ်ကျမှုနှင့် ယုံကြည်စိတ်ချရမှုကိုမြှင့်တင်ပေးသဖြင့် ရွေးကောက်ပွဲ၏တရားဝင်မှုကို မြှင့်တင်ခြင်း၊ ပါတီများနှင့် ကိုယ်စားလှယ်လောင်းများအကြား ပဋိပက္ခဖြစ်ပွားမှုကို လျော့နည်းစေခြင်း၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေခြင်း၊ ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးသည့် အလေ့အထများကို လိုက်နာကျင့်သုံးခြင်းဖြင့် ဒီမိုကရေစီယဉ်ကျေးမှုကို မြှင့်တင်ပေးပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီစနစ် ပေါ်ထွန်းရေးအတွက် အထောက်အကူဖြစ်စေခြင်း စသည့် အကျိုးကျေးဇူးများကိုရရှိစေသည့်အတွက် ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရန် အရေးကြီးလှပါသည်။

ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရန်အတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)၊ “ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့်ပြစ်ဒဏ်များ”၊ အခန်း(၁၄)၊ “တရားမဲ့ပြုကျင့်မှုများ” တွင်ပါရှိသော ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာခြင်းနှင့် မိမိပါတီဝင်များနှင့် ပါတီထောက်ခံသူများကို စည်းရုံးရေးဆင်းရာတွင်လည်း တစ်ပါတည်း ပညာပေးရန် လိုအပ်လှပါသည်။

**သမာသမတ်ကျမှုနှင့် ယုံကြည်စိတ်ချရမှု**

မဲဆွယ်စည်းရုံးရေးသည် ဒီမိုကရေစီလုပ်ငန်းစဉ်၏ မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်းသည် တရားမျှတပြီး လွတ်လပ်သောရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး၏ သမာသမတ်ကျမှုနှင့် ယုံကြည်စိတ်ချရမှုကို အာမခံချက်ပေးနိုင်ပါသည်။ သူတစ်ပါးကိုမကောင်းပြောပြီး စည်းရုံးရေးဆင်းသည့်ပုံစံမှာ ရေတိုအတွက်ကြည့်လျှင် ထိရောက်သည်ဟု ယူဆနိုင်သော်လည်း ရေရှည်တွင် အကျိုးရလဒ်မကောင်း ဖြစ်တတ်ပါသည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် စည်းရုံးရေးလုပ်ငန်းစဉ်ကို နည်းလမ်းမှန်ကန်စွာ လုပ်ဆောင်သင့်ပါသည်။ သူတစ်ပါးကိုတိုက်ခိုက်ခြင်းတွင် မွေ့လျော်တတ်သူ၊ ကျေနပ်တတ်သူထက် အကောင်းမြင်စိတ်ရှိသူ၊ ခင်မင်နှစ်လိုဖွယ် ကောင်းသူ၊ စိတ်ခတ်ခွန်အားလှသူကိုသာ မဲဆန္ဒရှင်များက ကြိုက်နှစ်သက်ကြပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးရာတွင် ဥပဒေနှင့်အညီဖြစ်စေရန် ရေးသားဖော်ပြထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာ၍ နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းဖော်ပြအပ်ပါသည်။

**ကျမ်းကိုးစာရင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၊
၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊
၃။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊
၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ၊
၅။ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသမိုင်းမှတ်တမ်း (၁၈၈၆-၂၀၂၂)၊ ဦးစိုင်းကျော်သူ၊
၆။ ရွေးကောက်ပွဲဆိုင်ရာအကြောင်းအချက်များ၊ ထွန်းမင်းသန်း (ဥပဒေ)၊
၇။ ရွေးကောက်ပွဲသတင်းများ ရေးသားတင်ဆက်ခြင်း၊ ANFREL၊
၈။ မဲဆွယ်စည်းရုံးရေးလက်စွဲ၊ ရွေးကောက်ပွဲဝင်နည်းလမ်းညွှန်၊
၉။ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ(သုတကျော်)၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါး၊
၁၀။ ဂုဏ်သိက္ခာရှိသောရွေးကောက်ပွဲ (ဦးရွှေဦး)၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါဆောင်းပါး၊
၁၁။ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံရေးပါတီများ (ဦးရွှေဦး)၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါး။

# ထားဝယ်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ကျောင်းသား ကျောင်းသူများက ရေအိုးရွက်အကဖြင့် ကပြခြင်း၊ မြန်မာ့သိုင်းဖြင့် သရုပ်ပြသခြင်း၊ ပြည်ထောင်စုအင်အားနှင့် ပြည့်ရတနာသီချင်းတို့ဖြင့် ကပြခြင်း၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့များ၏ တီးမှုတ်ကပြဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ယင်းနောက် ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲအနေဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အထက်တန်းအဆင့် ဉာဏ်စမ်းပြိုင်ပွဲ၊ အလယ်တန်းအဆင့် ဉာဏ်စမ်းပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် အားကစားနည်းများ ယှဉ်ပြိုင်ကစားနေမှုကို လှည့်လည်ကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါဝင်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ကျောင်းသုံးဗလာစာအုပ်များကို လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ဇီးကုန်းမြို့နယ်၌ သစ်တောထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဇီးကုန်း ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်သစ်တောဦးစီးဌာနမှသစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မိုးက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများကို ပရိုဂျက်တာဖြင့် အသိပညာပေးဟောပြောခဲ့ကာ ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြသည်။ ထို့နောက် ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်းကို အသိပညာပေးဟောပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ သစ်တောဦးစီးဌာနနှင့် ပြန်/ဆက်ဦးစီးဌာနတို့မှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ အထက(မြို့မ)မှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ ခန့်တက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၈**

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ စာပန်းအိမ်ကိုယ်ပိုင် အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ ကျော်စောက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက လူငယ်နှင့် အနာဂတ်နိုင်ငံတော်ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ထို့နောက် ဟောပြောဆွေးနွေးချက်များကို ကျောင်းသားကျောင်းသူများအား မေးမြန်းရာ ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားပြီး ပြန်လည်ဖြေကြားပေးသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်(အကြို) ကျောင်းတွင်းကာယစွမ်းရည်ပြိုင်ပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်(အကြို)ကာယစွမ်းရည်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၁)ဗဟန်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်လှဲ့ယဉ်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ နေခြည်သက်နိုင်၊ အနောက်ပိုင်းခရိုင် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ယုဒါရီ၊ ဗဟန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရင်သွေးငယ်လေးများ၏ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှု၊ ကာယစွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုရရှိကြသော ရင်သွေးငယ်လေးများအား အနောက်ပိုင်းခရိုင် လူမှုဝန်ထမ်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းသိင်္ဂီမင်း၊ အမှတ်(၁)ဗဟန်းမူလတန်းကြိုကျောင်း ကျောင်းအုပ်ကြီး ဒေါ်လွင်လွင်နွယ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဗလ**



ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများတွင် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ဒီဇင်ဘာ ၅ ရက်က အခြေခံပညာအထက်တန်းကျောင်း(မကျက်ကြီး)၌ ပြုလုပ်စဉ်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

# ပန်းတနော်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ပန်းတနော် ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ခရိုင်ဦးစီးမှူး ဒေါ်ခင်သန္တာထွေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးကြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**

# တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ ဒေသဆိုင်ရာ စင်တာဖွင့်လှစ်




တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဒေသဆိုင်ရာ စင်တာဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

**ရှန်ဟိုင်း ဒီဇင်ဘာ ၈**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဒေသဆိုင်ရာ စင်တာကို ဒီဇင်ဘာ ၈ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့မှ စီးပွားရေးကျွမ်းကျင်သူ ဂျွန်နက်ဝီဂန်အား ၎င်းစင်တာ၏ အကြီးအကဲအဖြစ် ခန့်အပ်ခဲ့သည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အာရှပစိဖိတ်ဒေသရေးရာ လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရန်အတွက် ၎င်းစင်တာက ပံ့ပိုးမည်ဖြစ်ကြောင်း သိရသည်။

၎င်းစင်တာသည် ထွန်းသစ်စ ဈေးကွက်များနှင့် ဝင်ငွေအလယ်အလတ်ရှိသည့် နိုင်ငံများအတွက် ငွေကြေးဆိုင်ရာ သုတေသနနှင့် အသိပညာများမျှဝေရာ နေရာအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကဏ္ဍတွင် မသေချာမှုများ မြင့်တက်နေချိန်တွင် ၎င်းမသေချာမှုများကို လွန်မြောက်စေရေးအတွက် မိမိတို့ဆောင်ရွက်ရမည် ဖြစ်ကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး ခရစ်တီလီနားဂျီဂျီဗာက ပြောသည်။

ယခုစင်တာ ဖွင့်လှစ်ခြင်းသည် တရုတ်နိုင်ငံနှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေ အဖွဲ့ကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းကို ပြသနေကြောင်း တရုတ်နိုင်ငံ ပြည်သူ့ဘဏ်အကြီးအကဲ ပန်ဂိုရှန်က ပြောသည်။

ယခု ဆောင်ရွက်ချက်သည် တရုတ်နိုင်ငံနှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ကြားနက်ရှိုင်းသည့် ပူးပေါင်းဆောင်ရွက်မှုကို ပြသနေကာ ကမ္ဘာလုံးဆိုင်ရာ ငွေကြေးစီမံခန့်ခွဲမှု ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဂါဇာဒေသအပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့် ဆွေးနွေးရန် အမေရိကန်သမ္မတ ထရမ့်နှင့် တွေ့ဆုံမည်ဟု နေတန်ယာဟု ပြောကြား

**ဂျေရုဆလင် ဒီဇင်ဘာ ၈**

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့် ဆွေးနွေးရန် ယခုလနှောင်းပိုင်းတွင် အမေရိကန်သမ္မတထရမ့်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ဒီဇင်ဘာ ၇ ရက်တွင် ပြောကြားသည်။

အမေရိကန်က ကမကထပြုသည့် အပစ်အခတ်ရပ်စဲရေးသည် ယခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် စတင်အသက်ဝင်လာခဲ့သော်လည်း အစ္စရေးနှင့် ဟားမတ်စ်အကြား အပစ်အခတ်ရပ်စဲရေးချိုးဖောက်သည်ဟု အပြန်အလှန်စွပ်စွဲမှုများရှိခဲ့သည်။ ယခုဆောင်ရွက်မည့် အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့်သည် ခက်ခဲကြောင်း ဂျေရုဆလင်သို့ အလည်အပတ်ရောက်ရှိနေသည့် ဂျာမနီဝန်ကြီးချုပ် ဖရက်ဒရက်မာစ်နှင့် တွေ့ဆုံရာတွင်နေတန်ယာဟုက ပြောကြားခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးရရှိရေးအတွက် သမ္မတထရမ့်နှင့် ဒီဇင်ဘာလကုန်တွင် တွေ့ဆုံဆွေးနွေးမည်ဟု ၎င်းကပြောကြားသည်။ ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးဒုတိယအဆင့်ကို လက်ရှိအချိန်တွင် ဆောင်ရွက်ရမည်ဖြစ်ပြီး နှစ်နိုင်ငံဖြေရှင်းချက်ကို ဂျာမနီက ထောက်ခံကြောင်း ဂျာမနီဝန်ကြီးချုပ်က ပြောကြားသည်။ အပစ်အခတ်ရပ်စဲရေးပထမအဆင့်တွင် ဟားမတ်စ်အဖွဲ့က ဓားစာခံ ၄၇ ဦးကို လွှတ်ပေးခဲ့သည်။

အပစ်အခတ်ရပ်စဲရေးဒုတိယအဆင့်သည် ခက်ခဲပြီး ၎င်းတွင် ဟားမတ်စ်အဖွဲ့ လက်နက်ဖြုတ်သိမ်းရေး၊ အစ္စရေးတပ်ဖွဲ့များဆုတ်ခွာရေးနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များတပ်စွဲရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ဂါဇာဒေသတွင် အစ္စရေးက နယ်မြေများရယူခြင်းမှ အဆုံးသတ်ခဲ့ပါက ဟားမတ်စ်အနေဖြင့် လက်နက်ချမည်ဟု ဟားမတ်စ်ခေါင်းဆောင် ခါလီအယ်လ်ဟာရာက ပြောသည်။ မိမိတို့လက်နက်စွဲကိုင်ထားခြင်းသည် ဂါဇာဒေသတွင် အစ္စရေးက နယ်မြေများရယူခြင်းနှင့် သက်ဆိုင်ပြီး ၎င်းဒေသတွင် အစ္စရေးက နယ်မြေများရယူခြင်းမှ အဆုံးသတ်ပါက ဟားမတ်စ်အနေဖြင့် လက်နက်များကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးမည်ဟု ၎င်းကပြောသည်။ ဟားမတ်စ်အဖွဲ့သည် ယခင်က လက်နက်ချရန် ငြင်းဆန်ခဲ့ပြီး ၎င်းကဲ့သို့ ငြင်းဆန်ခြင်းကြောင့် ဂါဇာဒေသဒုတိယအဆင့် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန် အခက်အခဲရှိနေသည်ဟု အစ္စရေးက ပြောသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ကမ္ဘောဒီးယား၏ ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပြုသည့် မူဝါဒအရ တရုတ်ခရီးသွားများကို ဆွဲဆောင်

**ဖနောင်ပင် ဒီဇင်ဘာ ၈**

ကမ္ဘောဒီးယားနိုင်ငံက လာမည့်နှစ်တွင် တရုတ်နိုင်ငံသားများအပေါ် ဗီဇာကင်းလွတ်ခွင့် မူဝါဒ စမ်းသပ်ကျင့်သုံးမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပြုသည့်မူဝါဒအရ တရုတ်ခရီးသွားများကို နိုင်ငံအတွင်း လာရောက်စေရေး ဆွဲဆောင်နိုင်မည်ဖြစ်ကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်းဝန်ကြီး ဟိုဟော့က ဒီဇင်ဘာ ၆ ရက်တွင် ပြောသည်။



တရုတ်ခရီးသွားများအား ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပြုရေး အစီအစဉ်ကို ဒီဇင်ဘာ ၂ရက်တွင် ကမ္ဘောဒီးယားအစိုးရက အတည်ပြုခဲ့သည်။ ၎င်းအစီအစဉ်အရ ၂၀၂၆ ခုနှစ် ဇွန် ၁၅ ရက်မှ အောက်တိုဘာ ၁၅ ရက်အတွင်း လာရောက်သည့် တရုတ်ခရီးသွားများကို ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့် ကာလအဖြစ် ၁၄ ရက် ခွင့်ပြုမည်ဖြစ်သည်။ ၎င်းခရီးသွားများ အနေဖြင့် ကမ္ဘောဒီးယားသို့ လာရောက်ရာတွင် ပြည်ဝင်ခွင့်အတွက် အခကြေးငွေပေးရန်မလိုဘဲ အီလက်ထရွန်နစ် ဆိုက်ရောက်ကတ်ကိုသာ ဖြည့်ရမည်ဖြစ်သည်။

ကမ္ဘောဒီးယားအစိုးရ၏ ယခုဆောင်ရွက်ချက်သည် တရုတ်– ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးအတွက် သမိုင်းတွင်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း ဆီရမ်ယိပြည်နယ်တွင် ကျင်းပသည့် တရုတ်–ကမ္ဘောဒီးယား ဂီတနှင့် ယဉ်ကျေးမှုအခမ်းအနားတွင် ဟိုဟော့က ပြောသည်။

၎င်းဆောင်ရွက်ချက်သည် နှစ်နိုင်ငံကြား ပြီးပြည့်စုံသည့် ပူးပေါင်းဆောင်ရွက်ချက်ဖြစ်ပြီး တရုတ်ခရီးသွားများ ကမ္ဘောဒီးယားသို့ လာရောက်ရေး ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်းတွင် ကမ္ဘောဒီးယားသို့ တရုတ်ခရီးသွား တစ်သန်း လာရောက်ခဲ့ကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်း ဝန်ကြီးဌာနက ပြောသည်။

ယခုနှစ် ပထမ ၁၀ လအတွင်း ကမ္ဘောဒီးယားသို့ နိုင်ငံတကာခရီးသွား ၄ ဒသမ ၇၅ သန်း ဝင်ရောက်ခဲ့ပြီး ၎င်းတို့အနက် ၂၁ ရာခိုင်နှုန်းမှာ တရုတ်ခရီးသွားများဖြစ်ကြောင်း သိရသည်။ ကမ္ဘောဒီးယားအနေဖြင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများနှင့် ခရီးသွားများကို ကြိုဆိုရေးအတွက် ပြင်ဆင်ထားကြောင်း ၎င်းက ပြောသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# သြစတြေးလျနိုင်ငံ တက်စ်မေးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်

**မဲလဘုန်း ဒီဇင်ဘာ ၈**

သြစတြေးလျနိုင်ငံ တက်စ်မေးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းခြင်းကြောင့် အိမ်အလုံး ၃၀ ပျက်စီးခဲ့ကြောင်း သိရသည်။

ဒေသခံများ နေရပ်ပြန်ရေးအတွက် စိတ်မချရကြောင်း တာဝန်ရှိသူများက ပြောသည်။

ပြည်နယ်မြို့တော် ဟိုဗတ်၏ အရှေ့မြောက်ပိုင်း ၁၀၅ ကီလိုမီတာအကွာတွင်ရှိသည့် ဒေါလဖန်စမ်းဒ်မြို့တွင် အိမ် ၃၃ လုံး ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ တောမီးလောင်ကျွမ်းမှုကြောင့် လူနေအဆောက်အအုံများအပါအဝင် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း တက်စ်မေးနီးယား မီးနှင့် အရေးပေါ်လုပ်ငန်းဆိုင်ရာ တာဝန်ရှိသူ ဂျရမီစမစ်ကပြောသည်။ လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ ရှိသဖြင့် ဒေသခံများနေရပ်တွင် ပြန်လည်နေထိုင်ရေးအတွက် စိတ်မချရကြောင်း တာဝန်ရှိသူများက ပြောသည်။ ဒီဇင်ဘာ ၈ ရက်တွင် အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားပြီး မီးလောင်မှုနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို စစ်ဆေးနေကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# အင်ဒိုနီးရှားနိုင်ငံ၌ ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများမှ သေဆုံးသူအရေအတွက် ၉၆၁ ဦးရှိ

**ဂျကာတာ ဒီဇင်ဘာ ၈**

အင်ဒိုနီးရှားနိုင်ငံတွင် ဖြစ်ပွားသည့် ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများမှ သေဆုံးသူအရေအတွက် ၉၆၁ ဦးရှိလာပြီး ၂၃၉ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

**ပြောကြား**

ရုပ်အလောင်း ၄၀ ကို ပြန်လည်တွေ့ရှိခဲ့သည်။ အာချေးပြည်နယ်တွင် ၃၈၉ ဦး၊ မြောက်ဆူမာတြားပြည်နယ်တွင် ၃၃၈ ဦး၊ အနောက် ဆူမာတြားပြည်နယ်တွင် ၂၃၄ ဦး သေဆုံးကြောင်း အမျိုးသား သဘာဝဘေးစီမံခန့်ခွဲရေး အေဂျင်စီ တာဝန်ရှိသူ အဗ္ဗဒဲမိုဟာယီက ပြောသည်။

လက်ရှိအချိန်တွင် ဒေသတွင်း သဘာဝဘေးကြောင့် နေရပ်စွန့်ခွာသူ ၁၀၅၇၄၈၂ ဦး ရှိလာပြီး နေရပ်စွန့်ခွာသူများအတွက် လိုအပ်ချက်များကို ဆောင်ရွက်နေကြောင်း ၎င်းကပြောသည်။

သဘာဝဘေး စီမံခန့်ခွဲရေးဆိုင်ရာ အစည်းအဝေးကို သမ္မတ ပရာဘိုဝို ဆူဘီရန်တိုက ကျင်းပခဲ့ပြီး လိုအပ်သည်များဆောင်ရွက်ရန် တာဝန်ရှိသူများအား ညွှန်ကြားခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်မတော်၊ ရဲတပ်ဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးအေဂျင်စီနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

■




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်တိုက် အမှတ် H 1 လူနေအဆောက်အအုံ မဖြိုဖျက်မီ (ဝဲပုံ)နှင့် ဖြိုဖျက်ပြီး (ယာပုံ)ကို တွေ့ရစဉ်။




မြဝတီမြို့ အမှတ် (၃) ရပ်ကွက်တွင် အွန်လိုင်းလောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တစ်ထပ်လူနေအဆောက်အအုံ မဖြိုဖျက်မီ (ဝဲပုံ)နှင့် ဖြိုဖျက်ပြီး (ယာပုံ) ကို တွေ့ရစဉ်။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီး၊ မြဝတီမြို့အနီး၌ တရားမဝင် ပြည်ပနိုင်ငံသား ၂၃၂ ဦး ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၈

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းနှင့် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၃၄၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော နှစ်ထပ်အဆောက်အအုံ ခြောက်လုံး၊ သုံးထပ်အဆောက်အအုံ တစ်လုံး၊ လေးထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ရှစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၉၃ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံစုစုပေါင်း ၆၃၅ လုံးအနက် ၃၄၁ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို မီးရှို့ဖျက်ဆီးစဉ်။

အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများအား အင်တိုက်အားတိုက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဖမ်းဆီးရှာဖွေ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့ရှိ လုံခြုံရေးပူးပေါင်းအဖွဲ့များက သတင်းအရ မြဝတီမြို့ဝန်းကျင်တွင် ရှောင်တခင်စစ်ဆေးခြင်းများ၊ မြဝတီမြို့ အဝင်/အထွက်လမ်းကြောင်းနေရာများနှင့် လမ်းဆုံလမ်းခွနေရာများတွင် ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ ဖလူး-လေးကေ့ကော်-မြဝတီသွားကားလမ်းပေါ်ရှိ မေတ္တာလင်းမြိုင်ကျေးရွာအနီးလေးကေ့ကော်ဘက်မှ မြဝတီမြို့ဘက်သို့ မောင်းနှင်လာသော ၁၀ ဘီးယာဉ် လေးစီးပေါ်တွင် တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၂၃၂ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် မြဝတီမြို့ အမှတ်(၃) ရပ်ကွက်အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုနေထိုင်လုပ်ကိုင်ခဲ့ကြသည့် သုံးထပ်အဆောက်အအုံ ငါးလုံး၊ တစ်ထပ်အဆောက်အအုံ သုံးလုံး စုစုပေါင်းရှစ်လုံးတို့အား စစ်ဆေးတွေ့ရှိခဲ့ရပြီး ၎င်းတို့အား ပြန်လည်အသုံးချမှုမရှိစေရေးအတွက် ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း သုံးထပ်အဆောက်အအုံ နှစ်လုံး၊ တစ်ထပ်အဆောက်အအုံတစ်လုံးကို ထပ်မံဖြိုချ ဖျက်ဆီးနိုင်ခဲ့သဖြင့် အဆောက်အအုံအားလုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထို့ပြင် လူသားချင်းစာနာထောက်ထားမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံသား ၅၆ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ခုနစ်ဦး၊ ဥဇဘက်ကစ္စတန်နိုင်ငံသား လေးဦး၊ ဂါနာနိုင်ငံသား လေးဦး၊ ကာဂျစ္စတန်နိုင်ငံသား တစ်ဦး စုစုပေါင်း ၇၂ ဦးတို့အား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်းလုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မလှိုင်မြို့ အမှတ်(၁)ရပ်ကွက်အတွင်းရှိ မဲရုံနှင့် မဲရုံအနီး ပတ်ဝန်းကျင်တို့၌ ဒီဇင်ဘာ ၈ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် တာဝန်ရှိသူများက မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်စဉ်။ ချမ်းသာ(မိတ္ထီလာ)



ရောဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ရပ်ကွက်တို့ရှိ လူနေ အိမ်များ၌ ဒီဇင်ဘာ ၇ ရက်က တာဝန်ရှိသူများက မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးစဉ်။

ဝင်းကြိုင်(ပြန်/ဆက်)

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် အရန် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဗိုလ်မှူးသက်ဇော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းတွင် ဆုရရှိသော သင်တန်းသားများအား ဆုများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းကို အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဖြင့် နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

အေးမဥ္ဇူ

နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ မဲပေးကြပါစို့

# ၂၀၂၅ –၂၀၂၆ ခုနှစ် ဆောင်းသီးနှံ (နေကြာ)မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးခြင်း၊ နေကြာမျိုးစေ့၊ ဓာတ်မြေဩဇာနှင့် နွေစပါးသီးနှံအတွက် မျိုးစေ့ချကိရိယာပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၂၅–၂၀၂၆ ခုနှစ် ဆောင်းသီးနှံ(နေကြာ)မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးခြင်း၊ နေကြာမျိုးစေ့၊ ဓာတ်မြေဩဇာနှင့် နွေစပါးသီးနှံအတွက် မျိုးစေ့ချကိရိယာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပုတ္တာကျေးရွာအုပ်စု၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးတို့က အမှာစကားပြောကြားပြီး တိုက်ကြီးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက နေကြာစိုက်ပျိုးခြင်း နည်းလမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက နွေစပါးစိုက်ပျိုးခြင်းနည်းလမ်းများ၊ စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက တိုင်းဒေသကြီးအတွင်း မျိုးစေ့ချကိရိယာများ ဖြန့်ဝေအသုံးပြုမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက တောင်သူများထံ နေကြာမျိုးစေ့များ၊ ဓာတ်မြေဩဇာများနှင့် မျိုးစေ့ချကိရိယာများကို ပေးအပ်ကြပြီး ပြသထားသည့် စပါးမျိုးစေ့နမူနာများ၊ ဓာတ်မြေဩဇာများ၊ နေကြာပျိုးပင်များ၊ ဝတ်မှုံကူးမည့် ပျားသေတ္တာခွံများ၊ မျိုးစေ့ချကိရိယာများ၊ ဆိုလာအနိမ့်တင် ရေတင်စက်များနှင့် ဆောင်းသီးနှံ(နေကြာ)ကို နည်းလမ်းသုံးသွယ်ဖြင့် စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုက်ကြီးမြို့နယ် လသာကုန်းကျေးရွာရှိ လသာကုန်းအမြဲတမ်းပျိုးဥယျာဉ်၌ မြေနိမ့်ကော်ဖီ ရိုဘတ်စတာပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာအုပ်စု တိုက်ကြီးမွေးမြူရေးဇုန် အကွက်အမှတ် (A27 )ရှိ SUPER SEVEN STARS AGRI–TECH CO.,LTD. က ကြက်မွေးမြူရေးခြံများ တည်ဆောက်နေမှုနှင့် မွေးမြူရေးဇုန်အတွင်း လုပ်ကွက်အလိုက် မွေးမြူရေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(မြန်/ဆက်)**



## ဘားအံမြို့နယ်၌ အောင်နိုင်တိုးမိုးစပါး ရိတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု

**ဘားအံ ဒီဇင်ဘာ ၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ မိုးစပါးစိုက်ပျိုးရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်သည့် နောင်လုံ(အနောက်)ကျေးရွာအုပ်စု ကော့မကယ်ကျေးရွာရှိမိသားစု စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းက အသင်းအချင်းချင်း ပံ့ပိုးငွေဖြင့် စိုက်ပျိုးထားသော အသင်းသားတောင်သူများ၏ အောင်နိုင်တိုး မိုးစပါးရိတ်သိမ်းနေမှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိမှု ရှိ/မရှိကို ကရင်ပြည်နယ် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ဘားအံမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၆ ရက်တွင် ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အသင်းသားတောင်သူများ၏ မိုးစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး မိုးစပါးစိုက်ဧက ၁၀၀ အနက် ဧက ၇၀ ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးအထွက်နှုန်း ၁၀၅ တင်း ထွက်ရှိကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**

## ပေါင်မြို့နယ်၌ မိုးစပါးရိတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု

**ပေါင် ဒီဇင်ဘာ ၈**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သမဝါယမအသင်းမှ အသင်းသားတောင်သူများ၏ မိုးစပါးရိတ်သိမ်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများနှင့် အသင်းသားများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုသည်။

**စစ်ဆေးဆောင်ရွက်**

ထိုသို့ကြည့်ရှုရာတွင် ပေါင်မြို့နယ် သမဝါယမဦးစီးဌာနမှ မိုးစပါးစီမံကိန်းဆောင်ရွက်နေသည့် သပြေကုန်းကျေးရွာ သပြေမောင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမ အသင်းလီမိတက်၏ အသင်းသားတောင်သူ ဦးအောင်ဆန်းဦး၏ လယ်ယာမြေတွင် ဂျပန်ရွှေဝါထွန်း မျိုးစပါးစိုက်ကွက်ကို ရိတ်သိမ်းဆောင်ရွက်ရာ တစ်ဧကအထွက်နှုန်း ၁၀၃ တင်းထွက်ရှိပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ



ဦးစီးအရာရှိ ဒေါ်သင်းသင်းယုနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မွန်မလေး(မြန်/ဆက်)**

## သထုံမြို့နယ်အတွင်း သမဝါယမအသင်းသားတောင်သူများ မိုးစပါးရိတ်သိမ်းပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**သထုံ ဒီဇင်ဘာ ၈**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် သမဝါယမ အသင်းသား တောင်သူများ၏ မိုးစပါးရိတ်သိမ်းပြီးစီးမှုကို ယမန်နေ့ နံနက်က မြို့နယ်သမဝါယမ ဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။



ကွင်းဆင်း ကြည့်ရှုရာတွင် မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာစိုးနှင့် ဝန်ထမ်းများက ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါး စိုက်ပျိုးသည့် သရက်တော ကျေးရွာ သရက်တော(လယ်/ထွေ) သမဝါယမအသင်းမှ အသင်းသား တောင်သူ ဦးသိန်းလှ၏ ဂျပန်ရွှေဝါထွန်းမျိုး မိုးစပါးစိုက် လယ်ယာမြေ ၁၀ ဧက ရိတ်သိမ်းပြီးစီးမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

သရက်တော (လယ်/ထွေ) သမဝါယမအသင်းတွင် အသင်းသား တောင်သူ ၂၀ တို့က ဂျပန်ရွှေဝါထွန်းမျိုး မိုးစပါး ဧက ၂၀၀ စိုက်ပျိုးထားပြီး ကွင်းဆင်းကြည့်ရှုရာတွင် တစ်ဧကလျှင် စပါးအထွက်နှုန်း ၁၀၁ တင်းရှိကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## လပွတ္တာမြို့နယ်၌ လက်ဆွဲမျိုးစေ့ချကိရိယာများ ပေးအပ်




**လပွတ္တာ ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လက်ဆွဲမျိုးစေ့ချကိရိယာများ ပေးအပ်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး လက်ဆွဲမျိုးစေ့ချကိရိယာ ၆၀၀ ကို ကျေးရွာအုပ်စု ၆၅ အုပ်စုသို့ ပေးအပ်သည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးများနှင့်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(မြန်/ဆက်)**

# ဆီးဂိမ်းမှာ နိုင်ငံတော်ကို ရွှေတံဆိပ်နဲ့ ကျေးဇူးပြုနိုင်အောင် ကိုယ့်ဘက်က အကောင်းဆုံး လေ့ကျင့်မှုတွေ ဆောင်ရွက်ထားပါတယ်

မခင်ချယ်ရီသက် (ပီတန်းအားကစားသမား)

ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ နိုင်ငံကိုယ်စားပြု အားကစားသမားများသည် သက်ဆိုင်ရာအားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်ရန်အတွက် နိုဝင်ဘာ ၃၀ ရက်မှစတင်၍ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ထိုင်းနိုင်ငံသို့ သွားရောက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံကိုယ်စားပြု အားကစားနည်းများဖြစ်သည့် တိုက်ကွမ်ဒို၊ လက်ဝှေ့၊ ဖူဆယ် (အမျိုးသား)၊ ဘတ်စကက်ဘော၊ ဘော်လီဘော (အမျိုးသမီး)၊ ရေကူး၊ ကျွမ်းဘားအားကစားသမားများသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့လည်းကောင်း၊ ဘိလိယက်/စနူကာ၊ ဂေါက်သီး၊ Teqball အားကစားသမားများသည် ထိုင်းနိုင်ငံ ချွန်ဘူရီမြို့သို့လည်းကောင်း၊ ပီတန်း၊ ကဘာဒီ အားကစားသမားများသည် ထိုင်းနိုင်ငံ ဆွန်ခလာမြို့သို့လည်းကောင်း သက်ဆိုင်ရာအုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှု ဆုတံဆိပ်များရရှိရေး ကြိုးပမ်းကာ ပါဝင်ယှဉ်ပြိုင်သွားကြမည့် မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ၏ ရင်တွင်းစကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။

**မောင်ထွန်းထွန်းဝင်း**
**(ဖူဆယ်အားကစားသမား)**

အခု ပြိုင်ပွဲအတွက် လေ့ကျင့်မှုတွေ ဆောင်ရွက်ခဲ့တာကြာပါပြီ။ ပြိုင်ပွဲ အတွေ့အကြုံက ထိုင်းနိုင်ငံမှာ တစ်ပွဲကစားခဲ့ပါတယ်။ ပြိုင်ပွဲအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ထားပါတယ်။ ပြိုင်ပွဲမှာ ဆုတံဆိပ်ရရှိအောင် ကြိုးစားသွားပါ့မယ်၊ ဆုတံဆိပ်တစ်ခုခုရဖို့လည်း မျှော်မှန်းထားပါတယ်။

**မောင်လင်းမြတ်သူ**
**(ရေကူးအားကစားသမား)**

အခု အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားလေ့ကျင့်ထားပါတယ်။ နည်းပြတွေရဲ့ လမ်းညွှန်ပြသမှုနဲ့အတူ အလေးထားကြိုးစားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်က ပြိုင်ပွဲ အမျိုးအစားနှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲမှာ အထူးကြိုးစားယှဉ်ပြိုင်ပြီး အောင်ပွဲနဲ့အတူ အမိမြန်မာနိုင်ငံကို ပြန်လာခဲ့ပါမယ်။

**မပန်းအိဖြူ**
**(ကျွမ်းဘားအားကစားသမား)**

ပြိုင်ပွဲအမျိုးအစားသုံးမျိုး ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားပါတယ်။ အရင်ပြိုင်ပွဲတွေမှာ ဆုတံဆိပ်များစွာ ရရှိဖူးပါတယ်။ တခြားပြိုင်ပွဲတွေက JIC၊ One Championship နဲ့ Asian Championship Queen တို့မှာပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ အကောင်းဆုံးကြိုးစား ယှဉ်ပြိုင်ပြီး နိုင်ငံအတွက် ဆုတံဆိပ်တွေယူပြီး ပြန်လာပါမယ်။

**ဖုန်းမြင့်ကျော် (ခ) အားတီ**
**(ဘိလိယက် အားကစားသမား)**

၂၀၀၆ ခုနှစ်က စတင်ပြီး ဘိလိယက် ကစားခဲ့တယ်။ ၂၀၀၉ ခုနှစ်မှာ ပြည်နယ်လက်ရွေးစင် အားကစားသမား ဖြစ်ခဲ့တယ်။ ၂၀၁၃ ခုနှစ် အိမ်ရှင်အဖြစ် ကျင်းပခဲ့တဲ့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ကိုးဘောနဲ့ လက်ရွေးစင်အားကစားသမား ဖြစ်ခဲ့တယ်။ ဆုတံဆိပ်က ရွှေလေးဆု၊ ငွေ၊ ကြေး တစ်ခုစီရရှိခဲ့တယ်။ အခုက ထိုင်းနိုင်ငံမှာ ကျင်းပမယ့် အားကစားနည်းမှာ ကျွန်တော် အားသန်တဲ့ ကိုးဘော အားကစားနည်း မပါပေမယ့် တတ်နိုင်သလောက် ကြိုးစားသွားပါမယ်။ အခုက ကျွန်တော်စနူကာ အားကစားနည်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်ပါမယ်။ စနူကာပြိုင်ပွဲမှာဆိုရင် ထိုင်းအသင်း၊ မလေးရှားအသင်းတွေက ကောင်းကြပါတယ်။ ဘယ်လိုဖြစ်ဖြစ် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်။

**ဦးကျော်ကျော်ကိုကိုချစ်**
**(ဂေါက်သီးအားကစားသမား)**

ကျွန်တော်တို့ ဒီဇင်ဘာ ၁၀ ရက်မှာ ရိုက်ရပါမယ်။ လက်ရှိဖွဲ့စည်းထားတဲ့ အားကစားသမားတွေ အကုန်လုံးက နိုင်ငံတကာ အတွေ့အကြုံ ပြည့်ဝပြီးသားပါ။ ကစားသမားသုံးဦး ပါဝင်ပြီး အကောင်းဆုံး ယှဉ်ပြိုင်သွားပါမယ်။ အခုလက်ရှိ အရှေ့တောင်အာရှ ဂေါက်သီး အားကစားသမားတွေက တော်လာတယ်၊ အင်မတန်လည်း ကောင်းတဲ့အတွက် ကျွန်တော်တို့ ရေကုန်ရေခန်း ကစားဖို့တော့ လိုတယ်။ ကြိုးစားပြီး အောင်ပွဲနဲ့အတူ ပြန်လာခဲ့ပါမယ်။




မခင်ချယ်ရီသက်
(ပီတန်းအားကစားသမား)


ဦးငြိမ်းချမ်းဖြိုး
(ပီတန်းအားကစားနည်းပြ)


မပန်းအိဖြူ
(ကျွမ်းဘားအားကစားသမား)


ဦးကိုကိုအေး
(ဂေါက်သီးအားကစားအုပ်ချုပ်သူ)


ဦးကျော်ကျော်ကိုကိုချစ်
(ဂေါက်သီးအားကစားသမား)


ဦးချိုမောင်
(ရေကူး နည်းပြချုပ်)


မောင်လင်းမြတ်သူ
(ရေကူးအားကစားသမား)


မောင်ထွန်းထွန်းဝင်း
(ဖူဆယ်အားကစားသမား)


ဦးနိုင်သောင်းထိုက်
(ဖူဆယ်အားကစား အုပ်ချုပ်သူ)


ဖုန်းမြင့်ကျော်(ခ) အားတီ
(ဘိလိယက်/စနူကာ
အားကစားသမား)

**မခင်ချယ်ရီသက်**
**(ပီတန်းအားကစားသမား)**

ပြိုင်ပွဲအတွက် အချိန်ယူပြီး အကောင်းဆုံး ကြိုတင်ပြင်ဆင်ထားပါတယ်။ ဒီဆီးဂိမ်းမှာ နိုင်ငံတော်ကို ရွှေတံဆိပ်နဲ့ ကျေးဇူးပြုနိုင်အောင် ကိုယ့်ဘက်က အကောင်းဆုံး လေ့ကျင့်မှုတွေ ဆောင်ရွက်ထားတယ်။ ပြိုင်ပွဲအမျိုးအစားက မြန်မာနိုင်ငံက သုံးနည်း ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အဲဒီထဲမှာ ကျွန်မက အမျိုးသမီး တစ်ယောက်ချင်းကနေပြီး ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဒီအားကစားနည်းက ငယ်ငယ်က ကျောက်ဒိုးပစ်ကစားနည်းနဲ့ဆင်တူပါတယ်။ ကျွန်မအနေနဲ့က ရွှေတံဆိပ်ဆုရယူပြီး မြန်မာနိုင်ငံကို ပြန်လာခဲ့မှာပါ။

**ဦးနိုင်သောင်းထိုက် (ဖူဆယ်**
**အားကစားအသင်းအုပ်ချုပ်သူ)**

အခု အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အတွက် အားကစားသမား တွေကို တော်တော်လေးအချိန်ယူကြိုးစားလေ့ကျင့်ပေးထားပါတယ်။ ပြိုင်ပွဲဝင် အသင်းတွေကလည်း ကောင်းကြပါတယ်။ အကောင်းဆုံးဖြစ်အောင် ယှဉ်ပြိုင်သွားပြီး ဆုတံဆိပ်ရအောင် ကြိုးစားသွားမယ်။ အသင်းအတွက် အကောင်းဆုံးဖြစ်အောင်ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ ကစားကွက်တွေကို လေ့ကျင့်ရင်းနဲ့ အကွက်ဖော်ဆောင်ရွက်ထား ပြီးတော့ အားကစားသမားတွေကလည်း တိုးတက်မှုအကောင်းဆုံး ရထားပါတယ်။ အားကစားချစ်ပရိသတ်တွေကလည်း ဖူဆယ်အားကစားနည်းကို အားပေးကြပါ။ အကောင်းဆုံးဖြစ်အောင် ကြိုးစားထားပါတယ်။

**ဦးချိုမောင် (ရေကူးနည်းပြချုပ်)**

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ရဲ့ ဒုတိယဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ အခု အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပြိုင်ပွဲ သုံးပွဲ ယှဉ်ပြိုင်ပြီး အားကစားသမားတွေကို အဆင့်ဆင့်ရွေးချယ်ထားပါတယ်။ ပြည်ပမှာ လေ့ကျင့်နေကြတဲ့အားကစားသမားလေးယောက်နဲ့ ပြည်တွင်းမှာ အလားအလာကောင်းတဲ့ အားကစားသမားလေးယောက် စုစုပေါင်း ရှစ်ယောက်ရွေးချယ်ထားပါတယ်။ တာတိုပြိုင်ပွဲတွေ အားလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမှာပါ။ အားလုံးပေါင်း ၁၆ ပွဲခန့်ရှိပါမယ်။ ဆုတံဆိပ်နဲ့ မြန်မာနိုင်ငံ ရေကူးစံချိန်မြင့်အောင် အကောင်းဆုံး ကြိုးစားမှာပါ။ ပြိုင်ပွဲက ၁၀ ရက်ကနေ ၁၆ ရက်အထိဖြစ်ပါတယ်။ ဟိုးအရင်ကတော့ မိုးသူအောင်တို့ခေတ်၊ ကိုနန္ဒတို့ခေတ်မှာ ဆုတံဆိပ်တွေ ရရှိခဲ့ကြတယ်။ အခုခေတ်မှာ ရေကူးအားကစားနည်းက အကြောင်းကြောင်းကြောင့် အခက်အခဲဖြစ်ခဲ့ရပါတယ်။ နှစ်နှစ်ဆက်တိုက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရေကူးပြိုင်ပွဲကို ဝင်ရောက်မယှဉ်ပြိုင်ခဲ့ရဘူး။ အခုကျွန်တော်တို့ အမိမြန်မာနိုင်ငံအတွက် အကောင်းဆုံး ကြိုးစားခဲ့ပါမယ်။

**ဦးကိုကိုအေး**
**(ဂေါက်သီးအားကစား အုပ်ချုပ်သူ)**

ဂေါက်သီး အားကစားသမားလေးဦး၊ အုပ်ချုပ်သူနည်းပြ နှစ်ဦး၊ စုစုပေါင်း ခြောက်ဦးသွားရောက်ယှဉ်ပြိုင်မှာပါ။ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ သုံးလကာလမှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာရှိတဲ့ အခုပြိုင်ပွဲ ကျင်းပမယ့် ကွင်းမှာ ၁၀ ရက်စီ သုံးကြိမ်အထိ သွားရောက် လေ့ကျင့်ပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်မှုအနေနဲ့က ဒီဇင်ဘာ ၁၁ ရက်ကနေ ၁၄ ရက်အထိ လေးရက်ယှဉ်ပြိုင်ရမှာပါ။ ဆုတံဆိပ်တွေရရှိဖို့အတွက် ကျွန်တော်တို့ အကောင်းဆုံးကြိုးစားထားပါတယ်။

**ဦးငြိမ်းချမ်းဖြိုး (ပီတန်းနည်းပြ)**

လက်ရှိဆီးဂိမ်းကို သွားမယ်ဆိုတော့ အကောင်းဆုံး Intermediate Level တွေ၊ အမြင့်ဆုံး Level တွေဆိုတဲ့ ကစားသမားတွေကိုပဲ ရွေးချယ်ပြီး လေ့ကျင့်ပေးခဲ့ပါတယ်။ အခုလက်ရှိသွားပြိုင်မယ့် ကစားသမားအင်အားက ကျား နှစ်ဦး၊ မ လေးဦး စုစုပေါင်း ခြောက်ဦးနဲ့ ကစားနည်းသုံးခု ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ လေ့ကျင့်ရေးကာလက နှစ်နှစ်အတိုင်းအတာနဲ့ သေချာစနစ်တကျ လေ့ကျင့်ထားပါတယ်။ ပီတန်းအားကစားနည်းနဲ့ ပရိသတ်တွေ မျှော်လင့်တဲ့ ရွှေတံဆိပ်ဆုရယူပြီး ပြန်လာပါ့မယ်။

**ဇော်မင်းလတ်၊ သီဟ**



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၈ ရက်တွင် ဒို့အတူတူ မဲပေးကြမယ် ဗီနိုင်းပိုစတာများနှင့် Bill Board စိုက်ထူကြစဉ်။ မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေးနိုင်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး ရည်ရွယ်၍ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမြေစိုက်ပိုစတာ စိုက်ထူခြင်းကို ဒီဇင်ဘာ ၈ ရက်နံနက်ပိုင်းက ဆောင်ရွက်စဉ်။

ကယ်ရီမောင်



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာဒေသအဖွဲ့အစည်းများ ပူးပေါင်း၍ ဒို့အတူတူ မဲပေးကြမယ် မြေစိုက်ပိုစတာကို ဒီဇင်ဘာ ၅ ရက်က စိုက်ထူစဉ်။

နိုင်လင်းအောင်(ပြန်/ဆက်)

## ဘုတ်ပြင်းမြို့နယ်၌ မဲရုံများမီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ဘုတ်ပြင်း ဒီဇင်ဘာ ၈

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ မဲရုံများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့်ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက အောင်မင်္ဂလာရပ်ကွက်ရှိ မဲရုံအမှတ်(၁) မူလွန်-အောင်မင်္ဂလာမဲရုံ၌ ပြုလုပ်သည်။



အဆိုပါဇာတ်တိုက်လေ့ကျင့်နေမှုကို ဘုတ်ပြင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်၊ ဘုတ်ပြင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့်တာဝန်ရှိသူများက မီးငြိမ်းသတ်ယာဉ်ဖြင့် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ဟသ္သာတမြို့ ပဒေသာဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

ဟသ္သာတ ဒီဇင်ဘာ ၈

ဧရာဝတီတိုင်း ဒေသကြီး ဟသ္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဟသ္သာတခရိုင် မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန် ဦးဆောင်၍ ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပူးပေါင်းအဖွဲ့များနှင့် လက်တွေ့သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြသည်။



ဟသ္သာတမြို့နယ် အတွင်းရှိ ဈေးများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန်နှင့် တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသင့်ပြင်ဆင်ထားရှိမှုများ၊ ဈေးအတွင်းရှိ မီးသတ်ရေလှောင်ကန်များ၊ မီးသတ်ပိုက်များ၊ ရေစုပ်စက်များ၊ ရေပိုက်ခေါင်းများ အသင့်ပြင်ဆင်ထားရှိမှုတို့ကို ဈေးရုံများအတွင်း လှည့်လည်စစ်ဆေးကြည့်ရှုခဲ့ကြသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုပုံအား ရှင်းလင်းပြောကြားခြင်း၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်မှုများ၊ အရေးပေါ်မီးငြိမ်းသတ်ခြင်း နည်းလမ်းများနှင့် မီးသတ်ပိုက်များ အသုံးပြုပုံ၊ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မအူပင်မြို့၌ မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ ကွင်းဆင်းစစ်ဆေး

မအူပင် ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မီးဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် မီးဘေးအန္တရာယ်လုံခြုံရေး ဆောင်ရွက်ထားရှိမှုများကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုအား မအူပင်မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေး ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနရှိ တပ်ဖွဲ့ဝင်များမှ ခရိုင်ကော်မရှင်ရုံးနှင့် မြို့နယ်ကော်မရှင်ရုံးများ၌ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်ရှိစေရေး၊ အဆောက်အအုံအတွင်း၊ အပြင် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မီးခလုတ်များ၊ လျှပ်စစ်ဝိုင်ယာကြိုးများ ကောင်းမွန်မှု ရှိ၊ မရှိကို လက်တွေ့စစ်ဆေးပြီး မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အောင်မြင့်မြတ်(ပြန်/ဆက်)

## ကြံခင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကြံခင်း ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဟသ္သာတခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီများက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်တံတား တစ်စင်း၊ ကွန်ကရစ်လမ်း တစ်လမ်းနှင့် ကျောက်ချောလမ်း တစ်လမ်း ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး သတ်မှတ်အရည်အသွေးနှင့် အချိန်မီပြီးစီးရေး ကြိုးပမ်း ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ပြင်ဦးလွင်မြို့နယ်၌ လက်ဆွဲမျိုးစေ့ချကိရိယာဖြန့်ဖြူးရောင်းချ

ပြင်ဦးလွင် ဒီဇင်ဘာ ၈

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ် အတွင်းရှိ တောင်သူများအား မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံမှ ပထမအကြိမ် ထုတ်လုပ်ပြီးစီးသည့် တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် လက်ဆွဲမျိုးစေ့ချကိရိယာဖြန့်ဖြူးရောင်းချခြင်းကို ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဆွေးနွေး**

ဦးစွာ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်က လယ်ယာလုပ်သား ရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် လက်ဆွဲမျိုးစေ့ချ ကိရိယာကို တောင်သူများ တွင်ကျယ်စွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးထူးအောင်ကျော်က လက်ဆွဲမျိုးစေ့ချကိရိယာ၏ အားသာချက်များ၊ အသုံးပြုခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းပြခဲ့သည်။ ထို့နောက် ပြင်ဦးလွင်ခရိုင်/မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ စပါးစိုက်ပျိုးသည့် ကျေးရွာအုပ်စု ၁၇ အုပ်စုကို ရွေးချယ်၍ လက်ဆွဲမျိုးစေ့ချကိရိယာ ၂၅ လက်အား တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မော်လမြိုင်မြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၈

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ သံဃာတော်များအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မော်လမြိုင်မြို့ရှိ မြစေတီစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ကုသပေးခြင်းများဆောင်ရွက်**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၃၀၀ တို့ကို ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ မျက်စိ ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြစေတီစာသင်တိုက် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဘိုကလေးမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၈

တပ်မတော် မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ် (စကု)တို့နှင့် အတူ ဘိုကလေးမြို့နယ်သို့ ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အခြေပြု၍ ဒေသခံပြည်သူ ၇၃၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသမှုဆိုင်ရာရောဂါ ၂၀၃ ဦး၊ ခွဲစိတ်ရောဂါ ၂၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၉ ဦး၊ ကလေးရောဂါ ၁၆ ဦး၊ အရိုးရောဂါ ၂၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၅ ဦး၊ မျက်စိရောဂါ ၁၅၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၂ ဦး စုစုပေါင်းဒေသခံပြည်သူ ၇၃၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊ သွားနုတ်/သွားဖာ ၂၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၀ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေး လူနာ ၃၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -





အဘနာမည်က ဦးသိန်းထောင်ပါ။ အသက် ၈၅ နှစ်ရှိပြီ။ အခုပါရဂူကြီးတွေ ကိုယ်တိုင်လာပြီးတော့ ပရဟိတကုသပေးတာ တစ်ခါမှမတွေ့ခဲ့ဖူးဘူး။ အဘခြေထောက်ကတော့ ကုမရတော့ဘူးတွက်တာ။ အခုကတော့ အဘက တော်တော်ဝမ်းသာပါတယ်။ ဘယ်လိုဝမ်းသာမှန်းကိုမသိဘူး။ ကျေးဇူးတင်ပါတယ်။ အဘပြောရင်းနဲ့တောင် မျက်ရည်ကျမိပါတယ်။ ဝမ်းသာတာ ဝမ်းသာတာ ဒီလိုကုပေးတယ်ဆိုတာ တစ်ခါမှ မကြားဖူးဘူး။ တွေ့လည်းမတွေ့ဖူးဘူး။ ဒီနေ့လက်တွေ့ကုသဖူးခဲ့ပါပြီ။

အန်တီကတော့ ခင်မိုးမိုးအေးလို့ ခေါ်ပါတယ်။ အခုလက်ကို အဆီကျိတ်လာပြတာပါ။ ဆရာဝန်ကြီးတွေကလည်း အန်တီကို သေသေချာချာ ခွဲစိတ်ကုသပေးပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ တော်တော်ကြာပါပြီ။ တစ်နှစ်နီးပါးလောက်တော့ ရှိပြီပေါ့နော်။ ဒီမှာပြတာအကုန်လုံး သက်သာတယ်။ လူအင်အားလည်း သက်သာတယ်။ ငွေရေးကြေးရေးလည်း သက်သာတယ်။ အသွားအလာ ခရီးစရိတ်လည်း သက်သာတယ်။ အားလုံး အဆင်ပြေပါတယ်။ လာရောက်ပြီးတော့ ကုသပေးတဲ့ ဆရာဝန်ကြီးတွေလည်း ကျန်းမာချမ်းသာပြီး အန္တရာယ်ကင်းဘေးကင်းပါစေ၊ ရာထူးတွေလည်း တိုးတက်ပါစေ၊ အန်တီ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျန်တဲ့ ခုနစ်ရက်သားသမီး တွေလည်း လာပြီးပြစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဝမ်းသာပါတယ်။ နောင်လည်းအခုလိုမျိုးလာရောက်ပြီးတော့ ကုသပေးနိုင်ဖို့ ဖိတ်ခေါ်ကြိုဆိုပါတယ်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ကြိုတင်မြော်တွေးချက်နဲ့ ပြည်သူ့အကျိုးအတွက် နွေးထွေးတဲ့ ကမ်းလင့်ချက်"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် **"ရွေးကောက်ပွဲ မကျင်းပနိုင်ရေး နှောင့်ယှက်ဖျက်ဆီးရုံမက အကြမ်းဖက်ဝါဒစွဲကိုင်ပြီး ဒလန်ခေါင်းစဉ်တပ် ဖျက်ဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါ အစီအစဉ်ကို အပတ်စဉ်ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျေးရွာပေါင်း ၁၅ ရွာ အသုံးပြုနိုင်မည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

ဝါးခယ်မ ဒီဇင်ဘာ ၈

ဧရာဝတီ တိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ပဆင်မှကြာဖြူ-သဲကုန်း လမ်းအား ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရေး အတွက် ကျောက်ခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေးက ကြည့်ရှုစစ်ဆေးသည်။



ပဆင်မှကြာဖြူ-သဲကုန်းလမ်းကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေ ၁၃၉ ဒသမ ၄၃၅ သန်းဖြင့် လမ်းအရှည်(၀/၂)မိုင်၊ လမ်းအကျယ် ၁၂ ပေ၊ ခုနစ်လက်မဒုရှိသော ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပြီးစီးပါက ကျေးရွာပေါင်း ၁၅ ရွာမှ လူဦးရေ ၃၆၇၅ ဦး၏ လူမှုစီးပွားဘဝများအားများစွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**လွမ်းသီဟ(ပြန်/ဆက်)**


# ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်း လုပ်ငန်းကို ၂၆–၃–၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၁၂ ရက်နေ့အထိနှင့် ၁၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် နိုဝင်ဘာလ ၁၊ ၂၊ ၃၊ ၄၊ ၁၁ ရက်နေ့နှင့် ၁၂ ရက်နေ့တို့သည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good)၊ ၂၇ ရက်နေ့နှင့် ၂၉ ရက်နေ့တို့သည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့် (Unhealthy for Sensitive Group) နှင့် ကျန်ရက်များသည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ နိုဝင်ဘာလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၆ ရက်၊ အသင့်အတင့်အဆင့်၌ ၁၉ ရက်နှင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသော အဆင့်၌ ၂ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။ **မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ**




**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေး အဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေးထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကိုအလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေ ပိုများသည်။ |

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း စခန်း ၃၂ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၂ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၂ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။


**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ**




**၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၁ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၁ |
| ၃ | ခန္တီး | ၆.၇ |
| ၄ | တောင်ကြီး | ၆.၆ |
| ၅ | မိုင်းဆတ် | ၇.၀ |
| ၆ | ကျိုင်းတုံ | ၆.၉ |
| ၇ | စစ်ကိုင်း | ၇.၁ |
| ၈ | ဟားခါး | ၆.၈ |
| ၉ | ညောင်ဦး | ၆.၉ |
| ၁၀ | မုံရွာ | ၆.၆ |
| ၁၁ | ပျဉ်းမနား | ၆.၈ |
| ၁၂ | ပြင်ဦးလွင် | ၆.၅ |
| ၁၃ | ကလေးဝ | ၆.၈ |
| ၁၄ | ရန်ကုန် (ကမ္ဘာအေး) | ၆.၇ |
| ၁၅ | မှော်ဘီ | ၇.၁ |
| ၁၆ | မကွေး | ၇.၀ |
| ၁၇ | အောင်လံ | ၆.၉ |
| ၁၈ | လှိုင်ကော် | ၆.၇ |
| ၁၉ | စစ်တွေ | ၆.၉ |
| ၂၀ | ပြည် | ၇.၀ |
| ၂၁ | ပဲခူး | ၆.၈ |
| ၂၂ | တောင်ငူ | ၇.၁ |
| ၂၃ | ပုသိမ် | ၆.၆ |
| ၂၄ | မအူပင် | ၇.၀ |
| ၂၅ | ဟသာတ | ၇.၀ |
| ၂၆ | မော်လမြိုင် | ၆.၆ |
| ၂၇ | ဘီးလင်း | ၆.၇ |
| ၂၈ | ဘားအံ | ၇.၁ |
| ၂၉ | ကော့ကရိတ် | ၆.၆ |
| ၃၀ | ထားဝယ် | ၆.၈ |
| ၃၁ | မြိတ် | ၆.၇ |
| ၃၂ | ကော့သောင်း | ၆.၆ |




ပုံ (၂)၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ

❒ ကျောဖုံးမှ

မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး၊ စစ်သံမှူး ဗိုလ်မှူးချုပ် ဝင်းသူလင်း၊ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအပါအဝင် အားကစားဝါသနာရှင် ပရိသတ်အင်အား ၃၁၆၆ ဦးခန့် တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။

ပွဲစဉ်ပထမပိုင်း ၄၅ မိနစ်တွင် ဦးဆောင်ဂိုးရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ၂၆ မိနစ် ၃၉ စက္ကန့်တွင် မြန်မာအသင်းမှ ကျောနံပါတ်(၈) စန်းသော်သော်က ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ၃၅ မိနစ် ၂၉ စက္ကန့်တွင် မြန်မာအသင်းမှ ကျောနံပါတ်(၁၃) တိုက်စစ်မှူး မေထက်လူက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့ရာ မလေးရှားအသင်းက ချေပဂိုးပြန်လည်ရရှိရေးနှင့် မြန်မာအသင်းက အနိုင်ဂိုးများ ထပ်မံသွင်းယူနိုင်ရေးတို့အတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစား၍ ပထမပိုင်း ၄၅ မိနစ်အပြီး အချိန်ပို ငါးမိနစ်အထိ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။



ဆက်လက်၍ ဒုတိယပိုင်း ၄၅ မိနစ်ကို ယှဉ်ပြိုင်ကစားကြရာ ၆၅ မိနစ် ၄ စက္ကန့်တွင် မြန်မာအသင်းမှ ကျောနံပါတ်(၇) ဝင်းသိင်္ဂီထွန်းက မြန်မာအသင်းအတွက် တတိယမြောက် အနိုင်ဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက မလေးရှားအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)တွင် ဖိလစ်ပိုင်၊ မလေးရှားနှင့် ဗီယက်နမ်အသင်းတို့နှင့် အုပ်စုအတူကျရောက်ပြီး မြန်မာအသင်းအနေဖြင့် ဒီဇင်ဘာ ၅ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဒီဇင်ဘာ ၈ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားမှုတွင် သုံးဂိုးပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် မြန်မာအသင်း၏ တတိယပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်အောင်မြို့နယ်၌ ကျေးလက်လမ်းတံတား လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြန်အောင် ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေ၊ အထွေထွေပိုလျှံ(GRF)ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်သည့် ကျေးလက်လမ်းတံတားလုပ်ငန်းများကို ယမန်နေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်) အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်း၊ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်နိုင်ဝင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဇလုပ်ကြီး-ကြို့ပင်လမ်းပေါ်ရှိ ဇလုပ်ကြီးတံတား၊ တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ပဆင-ကညင်ငူ-ကြက်သွန်ခင်းလမ်းပေါ်ရှိ မမြဖောက်ချောင်းတံတားနှင့် ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့်ဆောင်ရွက်သည့် သပြေကုန်း - သဲဖြူ - ထူးကြီးလမ်းတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဘားအံမြို့၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း ဖွင့်လှစ်

**ဘားအံ ဒီဇင်ဘာ ၈**

ကရင်ပြည်နယ် ဘားအံမြို့၌ မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးစခန်း (ဘားအံ)မှ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း (၁/၂၀၂၅)ဖွင့်ပွဲကို ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အဓိကစိန်ခေါ်မှု တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး လုပ်ငန်းစဉ်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း၊ သင်တန်းသားသင်တန်းသူများအနေဖြင့် မိမိတို့၏ အားထုတ်မှုသည် ဆေးစွဲသူတစ်ဦး၏ဘဝကို ပြန်လည်ထူထောင်ရာတွင် အဓိကသော့ချက်တစ်ခုအဖြစ် သတိပြုမှတ်ယူပြီး လူမှုရေးပြန်လည်ထူထောင်ရေးနည်းလမ်းများကို လေ့လာသင်ကြားရန် အမှာစကား ပြောကြားသည်။

ဆက်လက်၍ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးစခန်း (ဘားအံ)မှ ဦးစီးအရာရှိ ဒေါ်မေသဇင်လှိုင်က သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ မူးယစ်ပြန်လည်ထူထောင်ရေးအသင်း ဗဟိုမှ တာဝန်ရှိသူများ၊ အမှတ်(၃၁) မူးယစ်တပ်ဖွဲ့စု(ဘားအံ)၊ အမှတ်(၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ် ကြက်ခြေနီအသင်း၊ စိတ်ပညာဆရာဝန်၊ ကရင်ပြည်နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(MANA)တို့မှ သင်တန်းနည်းပြများက သင်တန်းသားသင်တန်းသူ ၂၀ အား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တောင်ငူမြို့နယ်၌ မြေပဲ ပန်းတိုင်အထွက်နှုန်းရရှိစေရေး တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**တောင်ငူ ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ သမဝါယမအသင်းပိုင် ငါးမွေးမြူရေးကန်မှ စွမ်းအားပြည့်မွေးမြူထုတ်လုပ်နိုင်ရေးနှင့် ဆောင်းဆီထွက်သီးနှံမြေပဲ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ပဲခူးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ချောစုလှိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က တောင်ငူမြို့နယ် သမဝါယမအသင်းပိုင်ငါးမွေးမြူရေးကန်ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ချောစုလှိုင်နှင့် တာဝန်ရှိသူများက တောင်ငူမြို့နယ် သမဝါယမအသင်းပိုင်ငါးမွေးမြူရေးကန်မှ စွမ်းအားပြည့်မွေးမြူထုတ်လုပ်ရောင်းချသည့် ငါးမြစ်ချင်း၊ ငါးတန်၊ ငါးမုတ်ထုတ်လုပ်ရောင်းချမှုအတွက် သမဝါယမကဏ္ဍမှ ပြည်သူ့အတွက် ငါးဟင်းတစ်ခွက်တိုးစေရမည် ဆောင်ပုဒ်နှင့်အညီ သန့်ရှင်းလတ်ဆတ်သော ငါးများ ထုတ်လုပ်ရောင်းချနိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒိုးအင်းကျေးရွာအုပ်စု ရွှေဒိုးအင်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်မှ ဆောင်းဆီထွက်သီးနှံ(မြေပဲ) စိုက်ပျိုးထားရှိသည့် တောင်သူ ဦးမောင်ပြေ၏ စိုက်ခင်း နှစ်ဧကအား ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ ယင်းနောက် မဟာင်ကျေးရွာ လူငယ်လယ်ယာနှင့် အထွေထွေသမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူ အမှုဆောင်များအား နွေစပါးစိုက်ပျိုးရာသီတွင် ရေဆင်း၊ ပေါ်ဆန်း(၂)မျိုး စပါးစိုက်ပျိုးရန်နှင့် မျိုးရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

❍ မြန်မာ့လက်ရွေးစင်မှ

နည်းစနစ်အကြံပေး ဦးငွေးမြင့်၊ လ/ထနည်းပြ ဦးဇော်ရဲမောင်၊ ကြံ့ခိုင်ရေးနည်းပြ တာဝမ်(ထိုင်း)၊ ဂိုးနည်းပြ ဆိုကန်သီကာ(ထိုင်း)၊ အားကစားသမားများအဖြစ် ဂိုးသမား - မိုင်းစိုးမြတ်ထွေး(MIU)၊ ကျော်ဇင်မျိုးဦး(YRG)၊ မျိုးကိုကိုဦး(MIU)၊ ကစားသမား မျိုးမြင့်စိုး၊ ကိုကိုလွင်၊ နိုင်လင်းထွန်းကျော်(YRG)၊ မင်းခန့်၊ သက်ထွန်း၊ မင်းခန့်သူ၊ ဆက်ဝေယံ၊ စိုင်းပြုံးအောင်၊ ထူးဝေယံ၊ ထွန်းအောင်ကျော်(MIU)၊ အောင်ကျော်ဖြိုး၊ ငြိမ်းမင်းစိုး(YCDC Dream Team)၊ ထွန်းထွန်းဝင်း (ပြည့်စုံ FC)တို့ ပါဝင်ကြသည်။

ဆီးဂိမ်းအမျိုးသားဖူဆယ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိကျင်းပမည်ဖြစ်ပြီး အိမ်ရှင်ထိုင်းအပါအဝင် မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှား ငါးသင်းသာယှဉ်ပြိုင်မည်ဖြစ်သောကြောင့် ပတ်လည်စနစ်ဖြင့်ကျင်းပကာ အမှတ်အများဆုံးအပေါ်မူတည်၍ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ချီးမြှင့်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၁၅ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် ထိုင်းအသင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် မလေးရှားအသင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**မောင်စံကြီး**

❂ ဆီးဂိမ်းမှ

အံ့အားသင့်ဖွယ် စွမ်းဆောင်မှုများနှင့်အတူ ပထမပွဲတွင် မြန်မာအသင်းကို နှစ်ဂိုးပြတ်၊ ယခုပွဲတွင် လက်ရှိချန်ပီယံ အင်ဒိုနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ နှစ်ပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ်သို့ အစောဆုံးတက်ရောက်နိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းမှာမူ လက်ရှိချန်ပီယံ ကာကွယ်နိုင်ရန် ခက်ခဲသွားပြီဖြစ်ပြီး နောက်ဆုံးပွဲတွင် မြန်မာအသင်းကို အနိုင်ရသည့်တိုင် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြားအုပ်စုများမှ အုပ်စုဒုတိယနေရာရအသင်းများ၏ ရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။

ဖိလစ်ပိုင်အသင်းသည် ယခုပွဲတွင်လည်း ပုံစံကောင်းပြသနိုင်ခဲ့ပြီး ပထမပိုင်းပြီးခါနီး နာကျင်အချိန်ပိုတွင် ဘာနာတူသွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် ဒုတိယပိုင်း တစ်ပိုင်းလုံး ချေပဂိုးရရန် ကြိုးပမ်းသော်လည်း ဖိလစ်ပိုင်အသင်းက ထိန်းကစားပြီး အနိုင်သုံးမှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်စု(C)တွင် ဖိလစ်ပိုင်အသင်းက ပွဲကုန်နှစ်ပွဲကစား ခြောက်မှတ်ဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး အင်ဒိုနီးရှားနှင့် မြန်မာအသင်းတို့မှာ အမှတ်မရသေးပေ။ အုပ်စုနောက်ဆုံးပွဲအဖြစ် ဒီဇင်ဘာ ၁၂ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကိုသုံးသင်း သုံးအုပ်စုခွဲ၍ ကျင်းပနေပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်းသာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ **သတင်း - ထွဋ်းသွေးအိမ်၊ ဓာတ်ပုံ - PFF**

**ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ (ယခင်ကြည့်မြင်တိုင် အရှေ့တိုက်နယ်)၊ မြေတိုင်းရပ်ကွက် အမှတ်- ၂၈စီ^၁၊ မြေကွက်အမှတ်(၁၀၇၊ ၁၀၈၊ ၁၀၈-အေ) ဟုခေါ်တွင်သော မြေပိုင်မြေအမျိုးအစား မြေကွက်များနှင့် စပ်လျဉ်း၍ အများသိစေရန် ထပ်မံကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်များအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ (၂၈-၁၀-၂၀၂၅) ရက်နေ့ထုတ် သတင်းစာများတွင် ကြေညာခဲ့သည့်အတိုင်း တရားရုံးအဆင့်ဆင့်တို့၏ အနိုင်ဒီကရီများနှင့်တကွ တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိသူမှာ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်အေးသာ ဖြစ်ကြောင်း အများသိစေရန် ထပ်မံကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်အောင် LL.B, D.B.L, D.I.L, D.M.L**

**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၀၃၈၃)**

**အမှတ်(၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊**

**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၄၀၀၂၈၂၊ ၀၉-၄၃၀၆၄၆၄၇**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ သဇင်(၃) လမ်း၊ မြေကွက်အမှတ်-၆၉၆၊ အကျယ်အဝန်းဧရိယာ(၄၀ပေx၆၀ပေ)ရှိ ဦးခင်မောင်စိန် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးနိုင် [၁၂/ဗဟန (နိုင်)၀၇၇၂၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်းအမှတ်-၅၊ ပထမထပ်၊ Strand Condominium၊ အမှတ်(၃၃/၄၉)၊ (မဟာဗန္ဓုလပန်းခြံလမ်း)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉- ၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁-သမိုင်း)၊ မြေကွက်အမှတ်-၂/ည-၄၁၊ အကျယ်အဝန်းဧရိယာ(၀.၃၃)ဧကရှိ ဒေါ်ဝင်းဝင်းထွန်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၅၁၊ သီရိမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော အိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ဝယ်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ မြေအမည်ပေါက်သူဖြစ်သော ဒေါ်ဝင်းဝင်းထွန်း [၁၂/ကမရ(နိုင်)၀၀၄၆၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းမေကြည်အေးမောင်(LL.B ,D.I.L)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၆၈၈)**
**အမှတ်-၁၁၀/က၊ တက္ကသိုလ်ပတ်လမ်း-၁၊ (၅၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၆၂၄၃၀၂၅**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်း [၁၂/ကမတ (နိုင်) ၀၁၈၁၁၆] သည် ၎င်း၏သားသမီးများဖြစ်သော ဦးအောင်သက်ထွန်း [၁၂/ဗတထ (နိုင်)၀၃၈၁၄၀]နှင့် ဒေါ်မေခိုင်ဦး [၁၂/ဗတထ(နိုင်)၀၃၈၁၇၉]တို့အား (၆-၁၂-၂၀၂၅) ရက်စွဲပါ နှစ်ဖက်သဘောတူကတိစာချုပ်အရ ၎င်းတို့ရထိုက်ခွင့်ရှိသည့် အမွေဝေစုများအား အပြီးအပိုင် လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ဦးအောင်သက်ထွန်းနှင့် ဒေါ်မေခိုင်ဦးတို့ အနေဖြင့် ဖခင်ဖြစ်သူ ဦးကျော်ဝင်းထံမှ နောက်နောင် မည်သည့်အချိန်တွင်မှ အမွေဝေစု ထပ်မံတောင်းခံခွင့်မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ထွေး (LL. B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၉၃)**
**ဖုန်း - ၀၉-၄၂၁၀၈၇၃၈၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ( ၁၄ )ရပ်ကွက်၊ ဦးပုညလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၃၊ မြေကွက်အမှတ်- ၈၈၆/က၊ (အလျားxအနံ) (၂၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစားမြေကွက်ကို မြေအမည်ပေါက် ဦးခင်မောင်မြင့်(ISN-599901)ထံမှ အဆက်စပ်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအောင်မင်းဌေး[၈/မလန(နိုင်)၀၇၅၉၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ မခိုင်ဇာလင်းက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ချို (LL.B)**
**တရားလွှတ်တော်ရှေ့နေ( စဉ်- ၉၁၁၃ )**
**အမှတ်-၂၄၆၊ ၅-လမ်း၊ ၁/က ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၅၂၁၄၇၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၃၈)ဟုခေါ်သော မြေပေါ်တွင် ဆောက်လုပ်ထားသော (၇)ခန်းတွဲ (၁၆)ထပ်တိုက်၊ **ERC CONDO** အဆောက်အဦရှိ အခန်းအမှတ်**(12A-G)**၊ အကျယ်အဝန်း(၁၈၃၃)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် အခန်းတွင်တပ်ဆင်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရေမီးစုံနှင့် ကားပါကင်(၁)နေရာစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြင့်သိန်း (ဘ) ဦးကွန့် မှတ်ပုံတင်အမှတ်[၁၀/မလမ(နိုင်)၀၉၇၇၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုရည်လင်း LL.B, LL.M**
**အထက်တန်းရှေ့နေ (စဉ်-၂၅၃၇၄) (၂၀၀၇)**
**အမှတ်(၇၈)၊ အခန်းအမှတ်(၇၀၄)၊ ၆-လွှာ၊ Golden River Residence၊ မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၆၄၂၀၇၅၇**

## သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ရွှေမှုံက်ထုတ်လုပ်ငန်း အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းခရိုင်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ရွှေမှုံက်ထုတ်ယူခြင်း လုပ်ငန်းကို ဆောင်ရွက်ခြင်းအတွက် အိတ်ပိတ်တင်ဒါစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံများကို(၈-၁၂-၂၀၂၅)မှစတင်၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး (၂၂-၁၂-၂၀၂၅)ရက်နေ့ မွန်းတည့် (၁၂:၀၀)နာရီ နောက်ဆုံးထားပြီး ဂေါပကအဖွဲ့ရုံးသို့ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၀၉-၄၅၉၂၄၅၅၉၄၊ ၀၉-၄၄၆၈၉၀၀၁၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ (၁၁)လမ်း၊ မြေကွက်အမှတ်(၇၈၆/က)၊ မြေကွက်အကျယ်(၂၈ပေx၆၀ပေ)ပေါ်တွင် မြေရှင်နှင့် ကန်ထရိုက်တာတို့ ကန်ထရိုက် တိုက်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏(၁၂ ½ ပေx၅၄ပေ)အကျယ်အဝန်းရှိ (၁၁)လမ်းမှ တိုက်ခန်းသို့ မျက်နှာမူလျှင် လက်ယာဘက်ခြမ်း မြေညီထပ်ဟုခေါ်တွင်သည့် ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် မြေညီထပ်တိုက်ခန်းကို မြေရှင်နှင့် ကန်ထရိုက်တာတို့၏ ခွဲဝေမှုအရ ကန်ထရိုက်တာ ဦးပိုင်မိုးသူ [၁၂/လမတ(နိုင်)၀၀၂၄၆၈]မှ တရားဝင်ပိုင်ဆိုင်လက်ရှိဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် တိုက်ခန်းအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကြိုပွဲ့နှင့်စနစ်ဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှလည်း အပြီးပြတ်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း၊ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းအပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်မြင့် (LL.B,D.B.L,D.M.L,D.I.L)** | **ဦးကျော်ဝင်းလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၆၈၃)(၂၈-၆-၁၉၉၁)** | **(စဉ်-၁၇၄၇၇)(၂၁-၁၂-၂၀၂၁)** |
| **အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊** | **ဖုန်း- ၀၉-၄၂၁၀၈၆၁၆၀** |

**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၃၀၃၂၁၈၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဘုရင့်နောင်လမ်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောက်လုပ်ထားသော ဆောင်းဟေမာန်အိမ်ရာ တိုက်အမှတ်(၅)၊ အခန်းအမှတ်(၁၁)၊ (၆၀၀ စတုရန်းပေခန့်) အကျယ်အဝန်းရှိ တိုက်ခန်းအား မိခင် ဒေါ်ရွှေအင်း [၁၂/ဗဟန(နိုင်)၀၈၀၇၂၈]အမည်ဖြင့် နေထိုင်ခွင့်ချထားပေးသော တိုက်ခန်းကို မိခင် ဒေါ်ရွှေအင်းနှင့် ဖခင် ဦးအုန်းလှိုင် [၁၂/ဗဟန(နိုင်)၀၄၁၂၈၃]တို့ ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ပြီး တရားဝင်ပိုင်ဆိုင်လက်ရှိဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် တိုက်ခန်းအပါအဝင် တိုက်ခန်း နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှလည်း အပြီးပြတ်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်း အပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်မြင့် (LL.B,D.B.L,D.M.L,D.I.L)** | **ဦးကျော်ဝင်းလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၆၈၃)(၂၈-၆-၁၉၉၁)** | **(စဉ်-၁၇၄၇၇)(၂၁-၁၂-၂၀၂၁)** |
| **အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊** | **ဖုန်း- ၀၉-၄၂၁၀၈၆၁၆၀** |

**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၃၀၃၂၁၈၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၁

| | | |
|---|---|---|
| မြန်မာအရှေ့တိုင်းဘဏ်(၎င်း၏ ကိုယ်စား (ရုံးချုပ်) ချေးငွေဌာန၊ ဒုတိယမန်နေဂျာ ဦးဝေလင်း) | နှင့် | ၁။ ဒေါ်တင်တင်လှိုင်<br>၂။ ဒေါ်ချိုလေးခိုင်<br>၃။ ဦးထောက်ရှ |
| **တရားလို** | | **တရားပြိုင်များ** |

**ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အကွက်အမှတ်(၈)၊ ဗမာစုအကွက်နေ ဒေါ်ချိုလေးခိုင်(ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

သင့်အပေါ်၌ **တရားလိုက (အပေါင်ဒီကရီရလိုမှု)** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)------- များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရှုပဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ကျောက်တံတားခရိုင်တရားရုံး**

## သန်လျင်မြို့နယ်၌ နဝမအကြိမ်ကျင်းပမည့် သုဓမ္မာနိကာယ ဝိနည်းစာပြန်ပွဲတော် ဖိတ်ကြားလွှာ

သန်လျင်မြို့နယ်၌ (နဝမ)အကြိမ်မြောက် ကျင်းပပြုလုပ်မည့် ရန်ကုန်တောင်ပိုင်းခရိုင် (၉)မြို့နယ်လုံးဆိုင်ရာ (၅၈)ကြိမ်မြောက် "သုဓမ္မာနိကာယဝိနည်းစာပြန်ပွဲတော်ကြီး" ကို ဒီဇင်ဘာလ (၁၅)ရက်မှ (၁၈)ရက်နေ့အထိ (၄)ရက်တိုင် သန်လျင်မြို့ကျက်သရေဆောင် သာသနဒ္ဓဗိမာန်တော်ကြီး၌ စာထောက်စာမနှင့် စာပြန်သံဃာတော်အပါး(၁၀၀၀)ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ရပ်ဝေးရပ်နီးမှ အလှူရှင်များအနေဖြင့် စာပြန်သံဃာတစ်ပါးလျှင် ဆွမ်းအလှူတော်(၃၀၀၀၀/ကျပ်-)၊ စာပြန်သံဃာတစ်ပါးလျှင် စာအောင်ဆု(၅၀၀၀၀/-)ဖြင့် ပါဝင်ကုသိုလ်ပြု လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်လှူဒါန်းရန်-ဒေါက်တာဘဒ္ဒန္တဉာဏိန္ဒ(ဥက္ကဋ္ဌ-ဆရာတော်)မြို့နယ်သံဃနာယကအဖွဲ့၊ ဖုန်း-၀၉-၅၀၉၈၄၆၄၊ ဦးစိုးတင့် (ဥက္ကဋ္ဌ၊ စာပြန်ပွဲကျင်းပရေးဗဟိုဦးစီးကော်မတီ) ၀၉-၅၁၉၁၇၇၆၊ ဦးဌေးဝင်း(ဘဏ္ဍာရေးမှူး) ၀၉-၅၀၁၅၀၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**စာပြန်ပွဲကျင်းပရေးဗဟိုဦးစီးကော်မတီ**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄/ကံဘဲ့၊ မြေကွက်အမှတ်-၄၁/၃-၁ ဧရိယာ(၀.၀၄၆)ဧက၊ မြေအမျိုးအစား - မြေပိုင်မြေ/လန-၃(ခ)နှင့် ယင်းမြေပေါ်ရှိ အမှတ်-၅၊ မြဝတ်ရည် (၁) လမ်း၊ ၉-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးထွန်းဦး [၁၂/တမန(နိုင်)၀၄၁၆၃၁] က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမျိုးမင်းဟိန်း** | **ဦးကောင်းမြတ်ဇော်** |
| **အထက်တန်းရှေ့နေ (စဉ် - ၅၆၁၃၉)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)** |

**အမှတ် (၃၃/၄၉)၊ Strand Condo၊ အခန်းအမှတ်-၄၀၂၊ (၄-လွှာ)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

